ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လကွယ်၊ အင်္ဂါနေ့၊ (22-8-2006) (၅၀၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေပြီး ပြည်ပဝယ်လိုအားများပြားလာ ကျောက်မျက်ကျောက်စိမ်းတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရအောင် ဂရုပြုထိန်းသိမ်းရန်လိုအပ် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်းမပြုဘဲ သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းအောင် တူးဖော်ထုတ်လုပ်

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။(အပေါ်ပုံ)(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၁

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအနေဖြင့် ၂၀၀၆ ခုနှစ်အတွင်း တတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံပိုင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲတူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားကြောင်း၊ မိမိတို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်၊ ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်အောင် ကြီးကြပ်ကွပ်ကဲစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အခြေအနေတွင် ကျောက်မျက်ရတနာထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပဝယ်လိုအားများလည်း တိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက်ရော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

အင်တာနက်ကျန်းမာရေးသတင်း

အမေဇုန်ခရုခေါ် ခရုတစ်မျိုးကို စားသုံးမိလျှင် ကပ်ပါးပိုးနှင့် ဓာတ်ပစ္စည်းကြောင့် အာရုံကြောထိခိုက်နိုင်

ပေကျင်း ဩဂုတ် ၂၁

အမေဇုန်ခရုခေါ် ခရုတစ်မျိုးကို စားသုံးမိလျှင် ထိုခရုတွင်ပါဝင်သော ကပ်ပါးပိုးနှင့် ဓာတ်ပစ္စည်းများကြောင့် လူ၏အာရုံကြောအဖွဲ့အစည်းကို ထိခိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်နှာတစ်ခြမ်းရွဲ့သွားခြင်း၊ အဖျားတက်ခြင်းနှင့် ဦးနှောက်အမြှေးရောင်ခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပေါ်နိုင်ကြောင်း တရုတ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဆေးပညာသိပ္ပံ၏ အဏုဇီဝဗေဒနှင့် ရောဂါဗေဒဌာနမှ သုတေသီဇူရောင်မန်က ပြောကြားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ ဒေသဝန်းကျင်မှ လူပေါင်း ၂၃ ဦးတို့ ထိုခရုများကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

22-8)01.P65 1 1/1/32, 12:31 AM

ကြေးမုံ The Mirror

၂၂-၈-၂၀၀၆
(အင်္ဂါနေ့)

လူရည်ချွန်လူရည်မွန်များ ဖြစ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား လူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးလာစေရေး ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း၌လည်း တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပင်လုံဒေသတို့ကို ဗဟိုပြု၍ ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်ဖြည့်ဆည်းပေးထားသည်။ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် အထူးကုဆေးရုံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာ ကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးထားရာ ဒေသခံ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားရေး အတွက် အကျိုးပြုလျက်ရှိသည်။

အဆိုပါတက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ကာလ ပြီးဆုံးပါက လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အရည်အသွေးပြည့်ဝသည့် အသိပညာရှင်များအဖြစ် ရပ်တည်သွားနိုင်ကြမည်ဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် တပည့်များအား စာပေပညာများ တတ်မြောက်ကျွမ်းကျင်ရုံသာမက တတ်ကျွမ်းသည့် ပညာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွား ဖော်ဆောင်ပေးနိုင်ရေး အသိအမြင်၊ အတွေးအခေါ်များ စွဲမြဲခံယူလာစေရန် အသိပညာပေးကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ ထိုးထွင်းသိမြင်၊ တီထွင်ကြံဆ ဖန်တီးမှုတို့ကို မြှင့်တင်ပြီး ဘက်စုံထူးချွန် ထက်မြက်လာစေရေး၊ ကျောင်းစည်းကမ်းများကို လေးစားလိုက်နာရေး၊ ထိုမှတစ်ဆင့် အရပ်ဘက်စည်းကမ်းနှင့် နိုင်ငံတော်၏ စည်းကမ်းဥပဒေများကို လိုက်နာထိန်းသိမ်းကြသည့် နိုင်ငံသားများ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါ၌ နိုင်ငံတော်က လူငယ်များ ပညာသင်ကြားရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း ပေးလျက်ရှိရာ အတတ်ပညာရှင် ဆရာ၊ ဆရာမများက တပည့်များအား အတတ်ပညာ ပေးရုံမျှမက ဥပဒေစည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို လေးစားလိုက်နာတတ်သည့် စာရိတ္တမြင့်မားသော လူငယ်များဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အနာဂတ်တွင် ထွန်းလင်းတောက်ပလာမည့် နိုင်ငံ့သားကောင်း လူရည်ချွန် လူရည်မွန်များ ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာ ပြည်လမ်းနေ ဒေါက်တာ ဦးကြည်-ဒေါ်ခင်သန်း မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်နေသော ဝိပဿနာစေတီတော်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး ဆရာတော်ကြီးများ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ပေးနေတော်မူသော မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီးဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော သာသနာ့သမိုင်းဝင်မည့် ဝိပဿနာစေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှအလှူရှင်များ၏ စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ဓမ္မဇောတိရိပ်သာ ယောဂီများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့နာယက ဦးကြည်ညွန့်က ဝိပဿနာစေတီတော်ကြီး တည်ဆောက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ အဘိုးဦးဘဘွား၊ အဘွားဒေါ်စိန်ညွန့်၊ ဖခင်ဦးမြင့်သိန်း၊ မိခင်ဒေါ်အုန်းမြ၊ အစ်ကိုဦးပွင့်ကျော် တို့အား ရည်စူး၍ တာမွေမြို့နယ် မအူကုန်းလမ်းကျယ်နေ ဒေါ်ဝင်းကြည်မြင့် မိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးသန်း-ဒေါ်စောရင်(ချန်ပီယံ မိသားစု) က ငွေကျပ်သိန်း ၁၂၀၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ညိုညိုက ငွေကျပ်သိန်း ၇၀နှင့် ငွေကျပ် လေးသိန်းတန် ရွှေပန်းခိုင် တစ်ခိုင်၊ ဦးစန်းဝင်း-ဒေါ်တင်တင်ရီ သားကြီးမောင်မင်းသက်နိုင်၊ သားငယ်

သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ထံ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်နေသော ဝိပဿနာစေတီတော်အတွက် တာမွေမြို့နယ် မအူကုန်းလမ်းကျယ်မှ ဒေါ်ဝင်းကြည်မြင့် မိသားစုက ငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မောင်ကျော်ဇောရှင်း (ပျဉ်းမနားမြို့)က ငွေကျပ် ၂၅သိန်း၊ ဒေါ်အမာနှင့် သား ဦးစံလင်း၊ ဒေါ်ခင်သန်းဝင်း မြေး-မေဦးလင်းမိသားစု(လမ်းမတော်မြို့နယ် ဝါးတန်းလမ်း)ကငွေကျပ် ၁၉၄၁၄၀၃ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ ဒေါ်လှတင်မိသားစု တက္ကသိုလ်ရိပ်သာလမ်းသစ်က အမေရိကန်ဒေါ်လာ၁၀၀၀၊ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် အစ်မကြီးတို့အား အမျှထား၍ ဒေါ်လှသန်း၊ ဦးအောင်ကြည်၊ ဦးသောင်းထွန်း၊ ဒေါ်တင်ယုံမောင်နမတစ်စု (မရမ်းကုန်းမြို့နယ် အေဝမ်းခြံလမ်း)က ငွေကျပ် ၁၂သိန်း၊ ကမ်းလွန်ရေနံ မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေး-ဒေါ်သန္တာကျော်တို့က ငွေကျပ် ၁၁ သိန်းသုံးထောင်၊ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်လှ - ဒေါ်ခင်မြမြအောင် (အောင်ရတနာဖြိုး ကော်မာရှယ်ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၁သိန်း အပါအဝင်အလှူရှင်၃၇၇ဦးတို့ကငွေကျပ် ၁၁၄၀၀၄၆၉၀၊ အမေရိကန်ဒေါ်လာ ၃၃၃၀၊ FEC ၈၅၀၊ စတာလင်ပေါင် ၁၀၀၊ ရွှေထည်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၄၂၈၉၀၃ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိ သူများက လက်ခံကြပြီး ကုသိုလ်ကောင်းမှု အစုစုကို စုပေါင်း အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝိပဿနာ စေတီတော်ကြီး၏ အလယ်ဌာပနာတော်တိုက် ပိတ်ပွဲကို မြန်မာနိုင်ငံမှ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်၍ ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ လိုက်ပါကြည်ညိုလိုသူများသည် ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ဓမ္မဇောတိရိပ်သာသို့ ဆက်သွယ်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် ပရဟိတသီလရှင်စာသင်တိုက်သို့ ပစ္စည်းလေးပါးလှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က သန်လျင်မြို့နယ် ပရဟိတသီလရှင်စာသင်တိုက်သို့ပစ္စည်းလေးပါးလှူဒါန်းပွဲအခမ်းအနားကိုဩဂုတ်၁၉ရက် မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှင်စောပု ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် သီလရှင် ဆရာကြီး၊ ဆရာလေးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သန်လျင်မြို့နယ် ပရဟိတ သီလရှင် စာသင်တိုက် ဆရာကြီး ဒေါ်ကေသာရီက ဦးဆောင်၍ ဆုတောင်းမေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယကသည် မြို့နယ်အတွင်းရှိ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ပေးအပ်သည့် သန်လျင်မြို့နယ် မြန်မာ့ရေနံရပ်ကွက်၏ ရပ်ကွက်လုံးကျွတ် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိသားစု စကားဝိုင်းအသွင်ဖြင့် အမျိုးသမီးရေးရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ခံ

ကွယ်လွန်သူ ဦးကျော်လှိုင်(လဝက-ဦးစီးအရာရှိ) အားရည်စူး၍ အမှတ် ၂၃၈(ဘီ) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ်နေ ဇနီး ဒေါ်ခင်သီတာ၊ သမီး မခင်ရတနာကျော်၊ သား မောင်ခန့်မြတ်ကျော် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ကျောက်မျက်လုပ်ငန်းရှင်များ ငွေရင်းမြန်မြန်ရပြီး အမြတ်မြန်မြန်ပေါ်ရန် တူးဖော်ရရှိသော ကျောက်မျက်များကို အချိန်သတ်မှတ်မထားဘဲ ပြပွဲများခင်းကျင်းရောင်းချ

✻ **ကျောက်မျက်ရတနာမှ**

ကျောက်မျက်နှင့် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများမှာ အရင်းအနှီးများစွာ စိုက်ထုတ်လုပ်ကိုင်ရသည့်လုပ်ငန်းများဖြစ်သည့်အပြင် တောတောင်များအတွင်း ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ချထားပေးရာတွင် ယင်းအချက်ကို အလေးအနက်ထား ထည့်သွင်းစဉ်းစားပြီး လုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဦးစီးကော်မတီဝင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကိုမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မပျက်အောင်ထိန်းသိမ်း

တစ်ဖက်ကလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကြာခဏ လမ်းညွှန်မှာကြားသည်နှင့်အညီ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရအောင် ဂရုပြုထိန်းသိမ်းသွားရန် လိုအပ်သဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ပေးသွားရန် မှာကြားလိုကြောင်း။

ပြပွဲများခင်းကျင်း

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံရသောငွေရင်းများ မြန်မြန်ပြန်ရပြီး အကျိုးအမြတ် အမြန်ပေါ်အောင် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်၊ ကျောက်စိမ်းများကို ထုတ်လုပ်ရရှိမှုအပေါ် အခြေခံ၍ အချိန်သတ်မှတ်ချက်မထားဘဲ ပြပွဲများခင်းကျင်း ပြုလုပ်ရောင်းချပေးသွားရန်ဖြစ်ကြောင်း။

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သယံဇာတပစ္စည်းများဖြစ်၍ ကျောက်မျက် တူးဖော်ထုတ်လုပ်သူများအနေဖြင့် မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်း မပြုဘဲ နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် တူးဖော်ထုတ်လုပ်ကြရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ကျောက်မျက်တူးဖော်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးကြပ်စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပဏာမရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်းတို့က ဝင်ငွေရရှိမှု အခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ နှစ်အလိုက် ရောင်းချရရှိငွေ အခြေအနေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက်တိုးတက်လာမှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူဆောင်ရွက်လျက်ရှိသော ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများအခြေအနေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော်လုပ်ကိုင်ခွင့်ပြုမှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

မှော်ဘီမြို့ စန္ဒကူးမြိုင် သာသနာ့ရိပ်သာ ဝါတွင်း ရက် ၆၀ တရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့ စန္ဒကူးမြိုင် သာသနာ့ရိပ်သာ (ရဋ္ဌပါလ)၌ (၆)ကြိမ်မြောက် ရက် ၆၀ တရားစခန်းကို ၁၃၆၈ ခု (တော်သလင်းလပြည့်နေ့) စက်တင်ဘာ ၆ ရက်တွင် စတင်မည်ဖြစ်ရာ စစ်ကိုင်းတိုင်း ဝက်လက်မြို့ ဆဋ္ဌမမြောက် ရှိန်းမကားဆရာတော် ဘဒ္ဒန္တသူရိယက ကန္နီဥပနိဿယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ မောင်းထောင်မြေဇင်း ဆရာတော်ကြီး၏ နည်းဖြင့် ဟောကြားပြသတော်မူမည်ဖြစ်သည်။

မောင်းထောင်မြေဇင်း ဆရာတော်ကြီး၏နည်းဖြင့် စစ်ကိုင်းတိုင်းဘုတလင် မောင်းထောင်မြေဇင်းတောရ၊ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် ရန်ကင်းအေးငြိမ်းရိပ်သာ၊ ရန်ကုန်တိုင်းမှော်ဘီမြို့ စန္ဒကူးမြိုင် (ရဋ္ဌပါလ)ရိပ်သာနှင့် တနင်္သာရီတိုင်း ထားဝယ်မြို့ စန္ဒကူးမြိုင်ရိပ်သာတို့၌ ရက် ၆၀ တရားစခန်းများ ဖွင့်လှစ်တရားပြသမည်ဖြစ်ရာ တရားဝင်မည့် ယောဂီများ ဖုန်း– ၅၁၁၃၁၁သို့ ဆက်သွယ်၍ ဝင်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရှင်းလင်းပြောကြားစဉ်။

(မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး လှိုင်သာယာ အထက(၁)၌ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန–ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ပညာရေးအထောက်အကူပြုလုပ်ငန်းအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြား၍ စည်းရုံးရေးဌာနကြီးမှ ဒုတိယခေါင်းဆောင် တရားရုံးချုပ် (ပြစ်မှုတရားစီရင်ရေးဌာန)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွန့်က **"လူကုန်ကူးမှုအန္တရာယ် အစဉ်သတိပြုဖွယ်"** ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာမများနှင့်ကျောင်းသူများ၏ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာများကို ပေးအပ်ကြရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်က အဖွဲ့ဝင်အဆိုပြုလွှာ ၅၁၄စောင်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက အဖွဲ့ဝင်အဆိုပြုလွှာ ၅၁၆ စောင်နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်သောဂေးက အဖွဲ့ဝင်အဆိုပြုလွှာ ၅၁၄ စောင်တို့ကို ပေးအပ်ကြပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သဃ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အာဟာရဖွံ့ဖြိုးရေးအတွက် အလှူရှင် ဦးမြတ်စိုး–ဒေါ်ဌေးဌေးနိုင်၊ သမီး မမြင့်မြတ်သူ(သူငယ်တန်း)က ဩဂုတ် ၁၇ ရက်က ကျွေးမွေးရာ ကျောင်းအုပ် တာဝန်ခံ ဒေါ်မြင့်မြင့်အေးနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

● **ရှေ့ဖုံးမှ**

စားသောက်ဆိုင်တွင် စားသောက်ကြပြီးနောက် ရောဂါဝေဒနာခံစားကြရသောအခါတွင်မှ အမေဇုန်ခရု စားသုံးခြင်းသည် အန္တရာယ်ရှိကြောင်း သတိပြုမိလာကြခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်များကို လေ့လာမှုများပြုလုပ်ပြီးနောက် ပေကျင်းမြို့ အစားအစာဘေးအန္တရာယ် စိစစ်ရေးရုံးက ရေထွက်အစားအစာများနှင့်ဆိုင်ရာ စည်းကမ်းကို တင်းကျပ်သွားရန် ဩဂုတ် ၂၀ ရက်က သတိပေးချက် ထုတ်ပြန်ခဲ့သည်။ ထိုသတိပေးချက်အရ စားသောက်ဆိုင်များ၊ စူပါမားကတ်များနှင့် အခြားဈေးဆိုင်များတွင် ရောင်းချသော ရေထွက်အစားအစာများကိုပါ စစ်ဆေးသွားမည်ဖြစ်သည်။ ငါးများ၊ ပုစွန်များ၊ ခရုများ၊ ကဏန်းများ၊ ဖားများနှင့် မြွေများကိုလည်း အစိမ်းစားသောက်ခြင်းမပြုရန် အဆိုပါ သတိပေးချက်တွင် တစ်ဆက်တည်းဖော်ပြထားသည်။

အမေဇုန်ခရုများ၏ ပင်ရင်းဒေသသည် တောင်အမေရိကဒေသဖြစ်ပြီး ယင်းခရုများသည် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းနှစ်များတွင် တရုတ်နိုင်ငံတောင်ပိုင်းဒေသများ၌ ယင်းခရုကို စားသောက်ဖွယ်ရာတစ်မျိုးအဖြစ် စားသောက်ခဲ့ကြသည်။

ယင်းအမေဇုန်ခရုများသည် ပွားနှုန်းအလွန်မြန်ဆန်သော ခရုများဖြစ်၍ တရုတ်နိုင်ငံသို့ ထိုခရုမျိုးများရောက်လာပြီး များမကြာမီမှာပင် ရေကန်များ၊ ချောင်းမြောင်းများနှင့် လယ်ကွင်းများပါမကျန် နိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိသွားပြီး လယ်သမားများ၏ စပါးခင်းများကိုပါ ဒုက္ခပေးလာသည်။

ထိုခရုများသည် ဓာတုပိုးသတ်ဆေးအများအပြားကို ခံနိုင်ရည်ရှိသည်။ သာမန်အားဖြင့်ဆိုလျှင် လယ်သမားများသည် ထိုခရုများကို လက်ဖြင့်ကောက်ပြီး မြေမြှုပ်သတ်ခြင်းဖြင့် နှိမ်နင်းခဲ့ကြသည်။ သို့ရာတွင် အဆိုပါခရုများ၏ ပွားနှုန်းမြန်ဆန်မှုကြောင့် လယ်သမားများက ၎င်းတို့ချည်းသက်သက် ဖြေရှင်းနိုင်တော့မည်မဟုတ်၍ သိပ္ပံပညာရှင်များအနေဖြင့် နှိမ်နင်းပေးပါရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။ **အင်တာနက်။**

ကွမ် စီ ကျွမ်း ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသ ကွီလင်းမြို့အနီးရှိ ကျေးရွာ တစ်ရွာမှ လယ်သမား တစ်ဦးက အမေဇုန် ခရုများကို ပြသစဉ်။

(ဓာတ်ပုံ– အင်တာနက်)

တရုတ်နိုင်ငံ၏ အဝတ်အစား ထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီဖြစ်သော ယောင်ဂါအုပ်စု၏ အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်သို့ ရက်သတ္တပတ်နှစ်ပတ်အတွင်း အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကို ထပ်မံစေလွှတ်မည်

ဂျကာတာ ဩဂုတ် ၂၀

လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် ရက်သတ္တပတ်နှစ်ပတ်အတွင်း အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကို နောက်ထပ်တစ်သုတ်စေလွှတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟစ်ဆန်ဝီရာယုဒ္ဓက ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။

ပြင်ဆင်

လက်ဘနွန်နိုင်ငံသို့ ရက်သတ္တပတ် နှစ်ပတ်အတွင်း နောက်ထပ် အင်ဒိုနီးရှားတပ်ဖွဲ့များကို စေလွှတ်နိုင်ရန် ပြင်ဆင်ထားကြောင်း ဩဂုတ် ၁၆ ရက်တွင် သမ္မတနန်းတော်၌ ကျင်းပသော (၆၁) နှစ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာသူ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

လက်ဘနွန်တွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်ပေါင်း ၅၀၀၀ ရှိပြီး ယင်းတို့နှင့်အတူ အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၀၀၀၀ နှင့် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားတွင် ခံတွင်းရောဂါနှင့် ခြေနှင့်လက်ပုပ် ရောဂါဖြစ်ပွား

ကွာလာလမ်ပူ ဩဂုတ် ၂၀

မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာရာဝခ်ပြည်နယ်တွင် ခံတွင်းနာရောဂါနှင့် ခြေနှင့်လက်ပုပ် ရောဂါဖြစ်ပွားသူ ၅၀ ကို ထပ်မံတွေ့ရှိရကြောင်း သက်ဆိုင်ရာအရာရှိများက ဩဂုတ် ၁၈ရက်တွင် ပြောကြားသည်။

ထိုရောဂါဖြင့် ဆေးရုံတင်ရသူများအနက် ကလေး ၁၄ ဦး ပါဝင်ကြောင်း ပြည်နယ် ဒုတိယဝန်ကြီးချုပ် ဂျော့ဂျ်ချန်းက ပြည်နယ် မြို့တော်ကူချင်းတွင် ထုတ်ဖော်ပြောကြားသည်။

အသစ်တွေ့ရှိရသော ရောဂါဖြစ်ပွားမှုများအနက် ကူချင်းမှ ၁၃ ဦး၊ ဆီဘူးမှ ၁၄ ဦး၊ ဘန်တူလူမှ လေးဦး ပါဝင်ကြောင်း သိရသည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုနှစ်အတွင်း အဆိုပါ ရောဂါဖြစ်ပွားရသူဦးရေသည် နောက်ဆုံးစာရင်းများအရဆိုပါက ၁၃၇၄၀ ရှိသွားပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။ ချန်းသည်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ကော်မတီ၏ဥက္ကဋ္ဌလည်း ဖြစ်သည်။

ပြည်နယ်အတွင်း ဆီဘူးမြို့တွင် ၃၀၁၆ ဦး ရောဂါကူးစက်ခံရသဖြင့် အခြေအနေ အဆိုးရွားဆုံးဖြစ်ပြီး မီရီတွင် ၂၈၅၃ ဦး၊ ကူချင်းတွင် ၂၁၀၁၅ ဦး၊ ဘန်တူလူတွင် ၁၇၅၆ဦး နှင့် ဆာရီကီတွင် ၉၄၅ဦး အသီးသီး ရောဂါဖြစ်ပွားခဲ့သည်။ ယင်းရောဂါကြောင့် ယခုအချိန်အထိ သေဆုံးသူဦးရေမှာ ၁၃ ဦးရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ လက်ဘနွန်သို့စေလွှတ်ရန် အီတလီအစိုးရ အတည်ပြု

ရောမ ဩဂုတ် ၂၀

အီတလီအစိုးရသည် ကုလသမဂ္ဂတပ်ဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် အီတလီတပ်ဖွဲ့ဝင်များကို လက်ဘနွန်သို့စေလွှတ်ရန် သောကြာနေ့တွင် အတည်ပြုလိုက်ကြောင်းရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အစိုးရအဖွဲ့ အစည်းအဝေးက အီတလီတပ်ဖွဲ့ဝင်ဦးရေကို သတ်မှတ်ပေးခြင်းမရှိသော်လည်း တပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀ အထိ ဖြန့်ကြက်ရန်အဆင်သင့်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီတလီ၏ ကူညီထောက်ပံ့မှုကို ငြိမ်းချမ်းရေးအတွက် အသုံးပြုစေလိုကြောင်း ဝန်ကြီးချုပ် ရိုမာနိုပရော့ဒီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားတွင် မိုးပေါက်ကွဲမှုဖြစ်ပွား

ဂျကာတာ ဩဂုတ် ၂၀

အင်ဒိုနီးရှားနိုင်ငံ ပိုဆိုမြို့တွင် သောကြာနေ့နှောင်းပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးဒဏ်ရာရရှိကြောင်း နိုင်ငံပိုင် အင်တာရာသတင်းအေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်သည်။ ပိုဆိုမြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်အနီးတွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခြင်းဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် ပန်းဥယျာဉ်တစ်ခု ပျက်စီးသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အိန္ဒိယနိုင်ငံတွင် ကလေးငယ်တစ်ဦးအားပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးနေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခွံမာရေသတ္တဝါစားသုံးမှု ကျန်းမာရေးအန္တရာယ်ရှိနိုင်

နယူးယောက် ဩဂုတ် ၂၀

ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် ပေါက်ပွားသော အခွံမာရေသတ္တဝါများကို စားသုံးခြင်းသည် ကျန်းမာရေးဘေးဥပဒ်ရှိနိုင်ကြောင်း အမေရိကန် ဖက်ဒရယ်ဆေးဝါးစီမံခန့်ခွဲရေးအဖွဲ့(အက်ဖ်ဒီအေ)က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် မကြာသေးမီရက်များအတွင်း အစာအိမ်နှင့် အူသိမ်ရောင်ခြင်းဝေဒနာ ခံစားရသူဦးရေ ၂၀၀ ခန့်ရှိခဲ့သည်။ အဆိုပါဝေဒနာ ဖြစ်ပွားရခြင်းသည် အခွံမာရေသတ္တဝါများမှတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်သည်။ ရာသီဥတု ပိုမိုပူနွေးလာခြင်းကြောင့် အခွံမာရေသတ္တဝါများသည် Vibrio Parahaemolyticus ရောဂါကိုဖြစ်ပေါ်စေပြီး ယင်းရောဂါပိုးပါရှိသော ရေသတ္တဝါများကို စားသုံးခြင်းဖြင့် လူတို့တွင် ရောဂါပိုးကူးစက်မှု ဖြစ်ပေါ်နိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အခွံမာရေသတ္တဝါများကြောင့် လူတို့တွင် ခံစားရသော အစာအိမ်နှင့် အူသိမ်ရောင်ခြင်းရောဂါ၏လက္ခဏာများမှာ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဗိုက်နာခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း၊ အဖျားဝင်ကာ အလွန်အမင်း တုန်ချမ်းခြင်းတို့ဖြစ်သည်။ ***အင်တာနက်။***

ဂျာမနီရထားများပေါ်တွင် ချိန်ကိုက်ဗုံးထောင်မှု အကြမ်းဖက်မှုနှင့် ဆက်စပ်နေကြောင်း ထုတ်ဖော်ပြောကြား

ဝိဇ်ဘာဒန်င် (ဂျာမနီ) ဩဂုတ် ၂၀

ဂျာမနီနိုင်ငံ ဒေါ်ကမန်ဘူတာနှင့် ကော့ဗ်လင့်ဇ်ဘူတာများတို့သို့ ဝင်ရောက်လာသောရထားနှစ်စင်းပေါ်တွင်မပေါက်ကွဲသော ဗုံးနှစ်လုံးကို ဇူလိုင်လကတွေ့ခဲ့ရာ ထိုဗုံးများသည် အကြမ်းဖက်သောလုပ်ရပ်နှင့် ဆက်စပ်နေစရာရှိသည်ဟု ဂျာမနီမှုခင်းတပ်ဖွဲ့မှ ဩဂုတ် ၁၈ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထိုကိစ္စနှင့်သက်ဆိုင်သောသတင်းစာရှင်းလင်းပွဲကို ဝိဇ်ဘာဒန်င်မြို့၌ ပြုလုပ်ရာတွင် မှုခင်းဌာနဥက္ကဋ္ဌ ဂျော့ဂ်ျဇက်စ်က အထက်ပါစကားများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါဗုံးနှစ်လုံးကို လက်ဆွဲအိတ်များအတွင်းထည့်၍ သယ်ဆောင်လာပြီး ရထားပေါ်၌ ချန်ထားခဲ့ခြင်းဖြစ်သည်။ ရထားလိုင်းများကို နာမည်ဖျက်လို၍ လုပ်ထားခဲ့ခြင်း ဟုတ်၊ မဟုတ်ကိုလည်း တစ်ချိန်တည်း၌ စုံစမ်းနေကြောင်းလည်းသိရသည်။ ပရိုပိန်းဓာတ်ငွေ့ဖြင့် ဖန်တီးထားသော ထိုဗုံးများကို အချိန်ကိုက်ပေါက်ကွဲစေရန် ကိရိယာကိုလည်း တပ်ဆင်ထားလျက်သား စစ်ဆေးတွေ့ရှိရသည်။ ဘူတာသို့ မဝင်မီ ၁၀ မိနစ်အလိုတွင် ပေါက်ကွဲ သွားစေရန် စီမံထားသည်။ သို့ရာတွင် ထိုဗုံးနှစ်လုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိကြောင်း တွေ့ကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိသျှကိုလံဘီယာဒေသ ဗင်ကူးဗားမြို့တွင် လူ့စွမ်းအားသက်သက်ဖြင့် မောင်းနှင်ပျံသန်းသော ယာဉ်တစ်စီးကို ဩဂုတ် ၁၉ ရက်က မပျံသန်းမီ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ မြေပြို၊ ရှစ်ဦးသေဆုံး

ဟနွိုင်း ဩဂုတ် ၂၀

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကိုဘန်းပြည်နယ်၌ သောကြာနေ့နံနက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ ဒေသခံ လူရှစ်ဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဗီယက်နမ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒေသဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် သောကြာနေ့ မွန်းလွဲပိုင်းအထိ အမျိုးသားသုံးဦး အပါအဝင် သေဆုံးသူရှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့သည်။ သေဆုံးသူများအနက် အများစုမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများနှင့် ရွှေ့ပြောင်းအခြေစိုက် အလုပ်သမားများဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွန်ပျူတာ သတင်းအချက်အလက်စနစ်ဖြင့် တရုတ်တွင် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မည်

ပေကျင်း ဩဂုတ် ၂၀

တရုတ်နိုင်ငံ၌ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ပျူတာသတင်းအချက်အလက် စုဆောင်းမှုစနစ် တစ်ရပ်ကို တီထွင်ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ပျူတာသတင်းအချက်အလက်စနစ်ကို ပြဋ္ဌာန်းနိုင်ခြင်းဖြင့် ကလေးများ အပါအဝင် ပြည်သူများမှသည် သိပ္ပံပညာရှင်များအထိ ယင်းစနစ်ကိုအသုံးပြု၍ လေ့လာမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၌ မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နေသော တောရိုင်းတိရစ္ဆာန်မျိုးစိတ် ၃၀၀၀ နှင့်ပတ်သက်၍ ယင်းကွန်ပျူတာစနစ်တွင် ဖော်ပြထားသည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ပျူတာသတင်းအချက်အလက် စနစ်ကို လူတိုင်းအသုံးပြုနိုင်စေရန် လွယ်ကူအောင် စီစဉ်ပေးထားသည်။ တောရိုင်းတိရစ္ဆာန်တစ်မျိုးနှင့်ပတ်သက်၍ သိရှိလိုပါက ယင်းတောရိုင်းတိရစ္ဆာန်၏ အခေါ်အဝေါ်ကို မသိရှိသည့်တိုင်အောင် တိရစ္ဆာန်၏ ပုံပန်းသဏ္ဌာန်ကို ဖော်ကျူးသော စကားလုံးများကို ရိုက်ထည့်ရုံမျှဖြင့် သိလိုရာကို ဖြေကြားပေးနိုင်မည်ဖြစ်သည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနများ၊ ဘေးမဲ့တောများနှင့် သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ နောက်ဆုံး သတင်းအချက်အလက်များအထိ လေ့လာရှာဖွေနိုင်စေရန် ကွန်ပျူတာ ဒေတာဘေ့စ်စနစ်ကို အသုံးပြုထားသည်။ ***အင်တာနက်။***

မက္ကဆီကို၌ ငလျင်လှုပ်

မက္ကဆီကိုစီးတီး ဩဂုတ် ၂၀

မက္ကဆီကိုနိုင်ငံ အိုစကာပြည်နယ် ဟွာတူလ်ကို အပန်းဖြေစခန်းအနီး ပစိဖိတ်ကမ်းရိုးတန်း၌ စနေနေ့ စောစောပိုင်းတွင် မြေငလျင်လှုပ်သွားကြောင်း၊ အပျက်အစီးမရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မြေငလျင်မှာ ပြင်းအား ၅ ဒသမ ၅ ရစ်ချ်တာစကေးရှိပြီး ငလျင်ဗဟိုချက်မှာ အိုစကာပြည်နယ် ပွာတိုအက်စ်ကွန်ဒီဒိုဒေသအနီးဖြစ်ကြောင်း မက္ကဆီကိုအမျိုးသားမြေငလျင်ဌာနက ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ။

အိဒ်စ်ရောဂါ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုတွင် မိမိဆန္ဒအလျောက်ပါဝင်ဆောင်ရွက်နေသူတစ်ဦးကို ဩဂုတ် ၁၈ ရက်က တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တွေ့ရစဉ်။ *(ဓာတ်ပုံအင်တာနက်)*

အာဖဂန်လွတ်လပ်ရေးနေ့ အခမ်းအနား ကဘူး၌ ကျင်းပ

ကဘူး ဩဂုတ် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ၏ (၈၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခမ်းအနားကို မြို့တော် ကဘူးတွင် လုံခြုံရေးတင်းကျပ်စွာဖြင့် စနေနေ့က ကျင်းပသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ၁၉၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်စေရန် လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ကြိုးပမ်းနိုင်စေရန် လည်းကောင်း လူငယ်မောင်မယ်များ အသိပညာဗဟုသုတ ရှာမှီးကြရန် မြို့တော်ကဘူးရှိ အားကစားကွင်းတွင် ကျင်းပသော လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်းအနား၌ သမ္မတ ဟာမစ်ကာဇိုင်းက တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းနေသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တောမီးလောင်ကျွမ်းမှု၏ ဆိုးကျိုး သိပ္ပံပညာရှင်များ လေ့လာ

မွန်ထရီယယ် ဩဂုတ် ၂၀

တောမီး လောင်ကျွမ်းမှုများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေရုံမျှမက လူတို့၏ ကျန်းမာရေးကိုလည်း ဆိုးကျိုးပေးနိုင်ကြောင်း ကနေဒါသိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ၂၀၀၆ခုနှစ် မယ်ရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ လှပျိုဖြူများကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယင်းလေ့လာချက်ကို မကြာသေးမီက ထုတ်ဝေလိုက်သော ကနေဒါ သုတေသနဂျာနယ်၌ ဖော်ပြထားကြောင်း ဩဂုတ် ၂၀ရက် အင်တာနက် သတင်းတွင် ရေးသားထားသည်။

ဆိုးရွား

တောမီးလောင်ကျွမ်းမှုများကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးမှာ လေထုညစ်ညမ်းမှုဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် စီးပွားရေးအရ ဆိုးရွားမှုများ ဖြစ်ပေါ်နိုင်သည်။ မသန့်ရှင်းသော လေကို ရှူရှိုက်ရသော ပြည်သူများအတွက် ကျန်းမာရေးအန္တရာယ်များ တွေ့ကြုံရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေများ ပျက်စီးရသကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဘယများ ခံစားရနိုင်သော ဘေးအန္တရာယ်လည်း ရှိသည်။

မှတ်တမ်းတင်

ကနေဒါ သိပ္ပံပညာရှင်များသည် အယ်လ်ဘာတာပြည်နယ် ချစ်ရှိုးမ်မြို့တွင် ၂၀၀၁ ခုနှစ်က ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှု၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြသည်။ အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၂၈၇၀၀၀ မီးလောင်ပျက်စီးခဲ့သည်။ ချစ်ရှိုးမ်မြို့နှင့် ယင်းမြို့အနီးတစ်ဝိုက်ရှိ အဆောက်အအုံများလည်း မီးလောင်ခံခဲ့ရသည်။ ယင်းတောမီးလောင်ကျွမ်းမှု ဖြစ်စဉ်နှင့် ပတ်သက်နေသော ဂြိုဟ်တုဓာတ်ပုံများနှင့် တောမီးစောင့်ကြည့်ရေး စခန်းများမှ ရရှိသော သတင်းအချက်အလက်များကို သိပ္ပံပညာရှင်တို့က အသေးစိတ် လေ့လာခဲ့ကြသည်။ တောမီးလောင်ကျွမ်းမှုကြောင့် လေထုလွှာအတွင်း ညစ်ညမ်းမှုအခြေအနေကို မှတ်တမ်းတင်ခဲ့ကြသည်။ ***အင်တာနက်။***

မှုးယစ်ဆေးဝါးပါသော ချောကလက် အမ်စတာဒမ်လေဆိပ်တွင် တွေ့ရ

ဘာရပ်ဆယ် ဩဂုတ် ၂၀

ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ဆိုပိုလ်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မကြာခဏဆိုသလို မူးယစ်စေတတ်သည့် ချောကလက်အတောင့်များ ရောင်းချလေ့ရှိသည်ကို တွေ့ရသဖြင့် ပြည်သူများ သတိရှိကြပါရန် အကောက်ခွန်ဌာနမှ သတိပေးထားကြောင်း ဟော်လန်သတင်းဌာန အေအင်ပီက ဩဂုတ် ၁၈ ရက် သတင်းတွင်ဖော်ပြသည်။ အိမ်ခြေ ရာခြေမရှိသူ တစ်ဦးသည် ဩဂုတ် ၁၇ ရက်တွင် ချောကလက် တစ်တောင့်ကို စားမိပြီးနောက် မအီမသာ ခံစားရကာ ကယောင်ချောက်ချား ဖြစ်နေသည်ကို ရဲတပ်ဖွဲ့ကတွေ့ရှိပြီးနောက် အထက်ပါကိစ္စကို သတိပြုမိခြင်း ဖြစ်သည်။ ထိုချောကလက်တောင့်တွင် ဟေလူဆီဒိုဂျင်ဆီလိုလိုင်းခေါ် ကယောင်ချောက်ချားဖြစ်သော ဓာတုဗေဒဆေးဝါး ပစ္စည်းတစ်မျိုးပါရှိသည်ကို မှုခင်းဆိုင်ရာရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့သည်။

ထိုချောကလက်သည် ၁၀ စင်တီမီတာခန့် အရှည်ရှိပြီး အညိုရောင်၊ အနက်ရောင်နှင့် ရွှေရောင်များပါရှိသော စက္ကူဖြင့်ပတ်ထားကာ အထုပ်ပေါ်တွင် နော်ဒီနော (Noir dr Noir) ဟူသော စာတန်းပါရှိသည်။ ထို့အပြင် ကိုကိုးအက်စစ် ၇၅ ရာခိုင်နှုန်းဖြင့် ပြုလုပ်ထားကြောင်းလည်း ဖော်ပြထားသည်ဟု အကောက်ခွန်ဌာနက အများသိရှိစေရန် သတင်းတွင်လည်း ထည့်သွင်းဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စနက်တံများ ခိုးထုတ်မည့်သူကို ဖိလစ်ပိုင်ဟိုလိုကျွန်းတွင် ဖမ်းမိ

မနီလာ ဩဂုတ် ၁၉

ဖိလစ်ပိုင်နိုင်ငံ ဟိုလိုကျွန်းအနောက်တောင်ဘက်၌ စနက်တံ ၆၀၀၀ မှောင်ခို ခိုးထုတ်မည့်သူအဖြစ် မသင်္ကာသူတစ်ဦးကို ဩဂုတ် ၁၆ ရက်တွင် ဖိလစ်ပိုင်တပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်မှုရှိသော သူပုန်အုပ်စုအဖွဲ့သို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းစဉ် ဖမ်းဆီးရမိဖြစ်ကြောင်း အဆိုပါ တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

သိမ်းဆည်းရမိသောပစ္စည်းများသည် ဗုံးခွဲတိုက်ခိုက်ရာတွင် သုံးမည့်ပစ္စည်းများဖြစ်နိုင်ကြောင်း ဗိုလ်မှူးချုပ် အလ်ဇန်ဒါအာလီအိုက သတင်းထောက်များအား ပြောကြားသည်။

ခရီးသည်တင် သင်္ဘောပေါ်တွင် ကျောပိုးအိတ်လွယ်ထားသော အမျိုးသမီးတစ်ဦးမှာလည်း ပူးပေါင်း ကြံစည်သူအဖြစ် ယူဆရကြောင်း အာလီအိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်အောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အင်္ဂပူမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၅၅ဦးတို့အား ဆုငွေကျပ် ၁၀သိန်းနှစ်သောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မဲဇလီကုန်းမြို့ရှိ ဗိုလ်အောင်ကျော်ခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသူကလေးများက ဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ ဗိုလ်အောင်ကျော်ခန်းမသည် အလျားပေ ၁၂၀၊ အနံ ၄၈ပေ ရှိပြီး စုစုပေါင်း ငွေကျပ်သိန်း ၅၅၀ကုန်ကျပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် လေးကြီးကျေးရွာ ရွာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစရအား ဝါဆိုသင်္ကန်းနှင့် အလှူငွေ ကျပ်နှစ်သိန်းနှစ်သောင်းတို့ကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဇောင်းတန်းကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျေးလက် ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်တည်ဆောက်နေသော ရေကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်တည်ဆောက်နေသော ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဩဂုတ် ၂၀ရက်တွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာခန်းမ၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂပူမြို့နယ်မှ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ထန်းပင်ကုန်း အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

လှိုင်သာယာမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အခြေခံပညာ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်း ဘိုးရာဇာခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၅စုံ၊ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ အစုံ ၅၀နှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၃၅စုံတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ငွေကျပ် တစ်သိန်းစီကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းအေးက အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်းသို့ ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသိင်္ဂီ၊ ဘဏ္ဍာရေးဌာန ဌာနကြီးမှူး ဒေါ်အေးအေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၄၇ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူကလေးများအား အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက သန့်ရှင်းရေးအထောက်အကူပြု ပစ္စည်းများကို မြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊ မြတ်လေးရုံ မိသားစုက အမှတ်(၃)၊ အမှတ်(၂၉)နှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ် ၁၀ဒါဇင်နှင့် ခဲတံ ၁၀ ဒါဇင်စီကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသို့ လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ကျောင်းသူကလေးများ ပညာသင်ကြားနေမှုကို လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် အမှတ်(၂၉)၊ အမှတ်(၃)နှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းများကို ကျန်းမာရေးနှင့် ညီညွတ်စေရန် စာသင်ခန်းများနှင့် ကျောင်းတွင်းပတ်ဝန်းကျင်တို့၌ ဆေးမှုတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှိုင်သာယာမြို့နယ် အခြေခံပညာ မူလတန်းကျောင်းများအတွက် စာရေးစားပွဲနှင့် စာသင်ခုံတွဲလျက် စာသင်ခုံများကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ကျောက်ပန်းတောင်းအသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၂၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်သည်။ ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၂၀ရက်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် လှုပ်ရှားမှု ထူးချွန်ဆုရရှိသော ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်အား ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၂၁

လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် World Vision တို့၏ ညှိနှိုင်းချက်အရ ဇူလိုင် ၁၁ရက်မှ ဩဂုတ် ၂၀ရက်အထိ ကျောင်းဖွင့်ရက်များတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန် ၂၅ဦး၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဒေသန္တရကျန်းမာရေးဌာနတို့မှ သွားဘက်ဆိုင်ရာ ဆရာဝန်နှစ်ဦး၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် World Vision မှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကြပြီး အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများ အပါအဝင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ မူလတန်းကြိုကျောင်းများ စုစုပေါင်း ၅၄ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၄၉၁၂၂ဦးတို့အား တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း စသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်းမှ အသင်းသား မိသားစုများ စုပေါင်း၍ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အင်းလျားလမ်းနှင့်ဓမ္မစေတီလမ်းထောင့် မီးပွိုင့်အနီးရှိ အလယ်တောရ စံပြစာသင်တိုက် သိမ်ကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသားများနှင့် မိသားစုများတက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စာသင်ခုံလှူဒါန်းပွဲ၊ အဆိုပြုလွှာပေးအပ်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ သဃ်န်းကျွန်းမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် နံနက် ၇ နာရီတွင် အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၂၉)သို့ ရောက်ရှိပြီး ကျောင်းခန်းမတွင် ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၂၉)သို့ စာသင်ခုံများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံအစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူးဦးတင့်လွင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာစောင်ရေ ၅၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံရယူပြီး အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများသို့ ယနေ့အထိ စာသင်ခုံ ၁၆၅၀စုံနှင့် စာရေးကိရိယာများ လှူဒါန်းပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အခြေခံပညာကျောင်းများသို့လည်း ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ သွားရောက်၍ စာသင်ခန်းမကျယ်(၁)၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်သို့ ဘာသာရပ်ဆိုင်ရာ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ထံသို့ ဒုတိယပါမောက္ခချုပ်က အသင်းဝင် အဆိုပြုလွှာ ၃၄၇ စောင်ကို ပေးအပ်သည်။ ဆက်လက်၍ တန်ဖိုးကျပ် ၆၂၀၀၀၀ ရှိ ဘာသာရပ်ဆိုင်ရာ စာအုပ်များကို အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်သို့ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက လက်ခံရယူသည်။

လက်ခံရယူ

ယင်းနောက် ဝါဝါဝင်းဆောက်လုပ်ရေး ကုမ္ပဏီက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံရယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြု ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သွားရောက်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် Biotechnology Lab ၌ သုတေသနလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုသည်။ (၁၉)

ပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်သို့ တန်ဖိုးငွေကျပ် ၆၂၀၀၀၀ ရှိ ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ဒုတိယ ပါမောက္ခချုပ် ဦးသိန်းဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၉)

ဦးဝဏ္ဏမောင်လွင်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးဝဏ္ဏမောင်လွင်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

အာဆီယံကုန်သွယ်မှုမစ်ရှင် အစည်းအဝေးတက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဩဂုတ် ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပမည့် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအကြား လုပ်ငန်းအဆက်အသွယ်နှင့် အစုစပ်လုပ်ငန်းများဆိုင်ရာ အာဆီယံကုန်သွယ်မှုမစ်ရှင် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အလုပ်အမှုဆောင် ဦးဇော်ဇော်နိုင်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာပွင့်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သင်းကြည်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း မန်နေဂျာ ဒေါ်နီနီဝင်းတို့သည် ယနေ့နံနက်က လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

သဒ္ဓမ္မပါလ မင်္ဂလာမဟာသိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် ဩဂုတ် ၁၀ ရက်တွင် ဦးကျော်စိုး–ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ပိဋကတ်သုံးပုံကောင်းမှုရှင်များက လက်ခံစဉ်။ (က–ပ)

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး မဟာဗျူဟာယှဉ်ပြိုင်မှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီယံ အတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး မဟာဗျူဟာယှဉ်ပြိုင်မှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က အဖွင့်အမှာစကားပြောကြားသည်။

ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးမဟာဗျူဟာယှဉ်ပြိုင်မှု သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ အာဆီယံအတွင်းရေးမှူးရုံး IAI Unit မှ Technical Officer (Project), Ms. Chandrasa Edhityas Sjamsudin၊ International Trade Institute of Singapore (ITIS) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့် ဝန်ကြီးဌာန ၁၂ခုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား အရာရှိ ၂၀တို့ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၂၁ရက်မှ ၂၃ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေးသင်တန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်းနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် သင်တန်းသုံးခု စီစဉ်ဖွင့်လှစ်ပေးခဲ့ပြီး နောက်ထပ်သင်တန်းခြောက်ခုကို ၂၀၀၆ ခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ ရန်ကုန်မြို့ တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်းနေ ဒေါက်တာစိုးမြတ်ထွန်း၊ ဒေါ်မာမာကောင်း မိသားစုက ကွယ်လွန်သူ သား မောင်စိုးမိုးအောင်အား ရည်စူး၍ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၈–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	သူချစ်ကိုယ်ချစ် မေတ္တာစစ်တရားတော် (အရှင်ဆေကိန္ဒ) (အပိုင်း–၁)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ကလေးတို့အတွက် လက်ဆောင်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာဘောလုံးအသင်း
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	ဖွံ့ဖြိုးစုံစွာ သာကေတစက်မှုဇုန်မှာ
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဇေတနသစ္စဝဇ္ဇေန)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	Sunday Talk
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၁၅	ဖွားချို (စံရှားတင်၊ဝါးခယ်မရဲမောင်) [ဒါရိုက်တာ–ခင်ဇော် (ကေသီပန်)]
၁၁း၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်းအစီအစဉ်		လိုင်း
၁း၀၀	Watfod-West Ham	5-Sports (Live)
၁း၂၅	Tottenham-Sheffield United	5-Series (Live)

အမျိုးသားသစ္စာဖောက် ပြည်ပြေးများအကြောင်း

ဦးမျိုးမြင့်(ဥပဒေ)

မြန်မာမှုနယ်ပယ်တွင် မိမိဇာတိရပ်မြေကို မမေ့စကောင်း၊ မိမိဇာတိရပ်မြေကို ချစ်မြတ်နိုး၍ သစ္စာရှိရမည်ဆိုသည်ကို ရှေးကစာဆိုခဲ့ကြသည်။ **"ဇာတိရပ်မြေ၊ ရန်အောင်မြေနှင့် သွန်းရေခံရာ၊ ခန်းဝါထင်ရှား၊ ဤသုံးပါး"**ဟူ၍ မမေ့အပ်၊ မြတ်နိုးအပ်သော အရပ်နေရာ(၃)ပါး ပြဆိုထားသည်–

- **(၁) မိမိဇာတိရပ်မြေ။**
- **(၂) ရန်သူကို အောင်ပွဲခံလိုက်သောမြေ၊ ဘုရင်များ၊ အစိုးရများ၊ တပ်မတော်များက ကျူးကျော်လာသူ ပြည့်ရန်သူ၊ ရန်မူလာသော သောင်းကျန်းသူမှန်သမျှ တိုက်ခိုက် အောင်နိုင်သောမြေ၊ နိုင်ငံကို ရန်ပြု၊ ပြည်သူကို ရန်ပြုသော ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်၊ ရန်စွယ်မှန်သမျှကို မင်း (အစိုးရ)၊ တပ်မတော်နှင့်အတူ ပြည်သူတို့က ပြည်သူခပင်းအတွက် လက်တွဲဖြိုခွင်း အောင်မြေနင်းနိုင်သော ဤမြေ၊ ဤနိုင်ငံ။**
- **(၃) ဘုရင်များ နန်းတက်ရာ၌ ဘိသိက်ခံရာအရပ်နှင့် အများပြည်သူတို့ ရှင်ပြုဘိသိက် ထိမ်းမြားမင်္ဂလာ ဘိသိက်ခံရာတို့ကို မမေ့သင့်ဟု ဆိုလိုပေသည်။**

ထိုမမေ့အပ်သော အရပ်ဒေသသုံးပါးကား မိမိတို့နေထိုင်ရှင်သန်ရာ၊ ပေါက်ဖွားရာ အမိနိုင်ငံ မြေပေါ်မှာချည်း ဖြစ်ပေသည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ဂီတစာဆိုတို့ ဖွဲ့သီခဲ့သော ဒို့ဗမာသီချင်းတွင်လည်းကောင်း၊ လွတ်လပ်ပြီးနိုင်ငံတော်၏ အမျိုးသားသီချင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံ တည်းဟူသော ဤမြေသည် **"ဒါဒို့မြေ၊ ဒါဒို့ပြည်–ဒါငါဒို့မြေ"၊"ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ"၊ "သခင်ကျင့်ကိုကျင့်ကြပါ၊ သခင်မျိုးဟေ့ ဒို့မြန်မာ"၊ "မြန်မာပြည်တစ်လွှား အကုန်ဒို့အိမ်မှတ်ပါ၊ ဒို့ရာမှတ်ပါ–အဲဒါဒို့မြန်မာ"**စသည်ဖြင့် ချစ်မြတ်နိုးဖွယ် အမိမြေကို ဂုဏ်တင်ကြခြင်းဖြစ်သည်။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဟူသော စကားပုံရှိသည်။ မိမိနိုင်ငံအတွင်း တစ်ရွာမှတစ်ရွာသို့ လုပ်ငန်းကိုင်ငန်း ပြောင်းရွှေ့လုပ်ကိုင်ခြင်းကို ဆိုလိုပေသည်။ "တစ်နိုင်ငံမပြောင်း သူကောင်းမဖြစ်"ဟူ၍ ဆိုရိုးမရှိ။ ထိုလူမျိုးကား"သေချင်တဲ့ကျား–တောပြောင်း"ဟူသော စကားပုံအတိုင်း အမိမြေအားစွန့်ခွာသွားကာ တိုင်းတစ်ပါးကို အထင်ကြီး ဩဇာခံ သွားရောက်နေထိုင်ရင်း ဒုက္ခရောက် ဘဝပျက်ရတတ်လေသည်။ "ကိုယ့်နိုင်ငံ (ကိုယ့်ဇာတိမြေ)ကို စွန့်ခွာပြီး ကိုယ့်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖျက်ရန်ကြံနေသော၊ ပြည်ပကို သစ္စာခံသော ပုဆိန်ရိုးများကိုကား ပြည်ပြေး"များဟု ခေါ်ပေသည်။ နိုင်ငံမှ တည်ဆဲဥပဒေများ ချိုးဖောက်ထွက်ပြေးသူများကား ဝရမ်းပြေးများသာဖြစ်သည်။ ပြည်ပသို့ထွက်ပြေးသော ဥပဒေချိုးဖောက်၊ ပြစ်မှုကျူးလွန်သူများကား "ပြည်ပြေး–ဝရမ်းပြေး"များပင် ဖြစ်တော့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ အချုပ်အခြာ (လွတ်လပ်ရေး)ကို နှောင့် ယှက်ဖျက်ဆီးသူများကိုမူ အမျိုးသားသစ္စာဖောက်ဟု ဆိုပေသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဖျက်ဆီးရန် ယနေ့ ပြည်ပသို့ ထွက်ပြေးကြသည့် ပြစ်မှုကိုယ်စီ ကျူးလွန်ခဲ့သူ၊ ကျူးလွန်နေသူများ၏ နာမဝိသေသနကား ရှည်လျားလှပေသည်။ "ပြည်ပြေး၊ ဝရမ်းပြေး၊ တရားခံပြေး၊ အမျိုးသားသစ္စာဖောက်၊ နယ်ချဲ့သစ္စာခံ ပုဆိန်ရိုးများ" ဟူသတည်း။

နိုင်ငံအတွင်း၌ မကျေနပ်ချက်ရှိလျှင် နိုင်ငံအတွင်း၌ပင် ဖြေရှင်းသင့်သည်။ ပြည်ပအားကိုးခြင်း၊ ပြည်ပအထောက်အပံ့ယူခြင်း၊ ပြည်ပစွက်ဖက်မှု ဖိတ်ခေါ်အားပြုခြင်းမျိုး မလုပ်အပ်။ ထိုသို့ ပြည်ပကို ဖိတ်ခေါ်အားကိုးပြီ ဆိုကတည်းက ထိုသူ သို့မဟုတ် ထိုသူများ၊ သူမများတွင် ပြည်သူ့အင်အား၊ ပြည်သူ့ထောက်ခံမှု လုံးဝမရှိဟု ဖော်ပြနေခြင်းသာဖြစ်သည်။ လွတ်လပ်ရေးမရမီက မျိုးချစ်လူငယ်များသည် အမျိုးသားရေးခံယူချက်ကိုယ်စီဖြင့် တိုင်းတစ်ပါးသား ကျူးကျော်စိုးမိုးသူ နယ်ချဲ့ကိုတိုက်ကာ လွတ်လပ်ရေးကို ရယူခဲ့ကြသည်။

နောင်တွင် ပြည်ပမှ ဝါဒစုံ(Pluralism)ခေါ် ဗဟုဝါဒဝင်လာ၏။ ယခင်က ဝါဒတူသူချင်းပင် အယူကွဲ၊ မူကွဲ၊ လူကွဲလာ၏။ ဝါဒကွဲလည်း များလာ၏။ ဤသို့ဖြင့် ဝါဒစုံ ထူပြောလာကာ ရောင်စုံသောင်းကျန်းမှုကြီး ဖြစ်ပေါ်လာ၏။ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး၊ ပြည်ထောင်စု ပြိုကွဲလုနီးနီး အကြိမ်ကြိမ်ဖြစ်ခဲ့ရ၏။ ပြည်သူတို့ အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားနေခဲ့ရသည်။ သေလိုက်ကြ၊ နာလိုက်ကြသည့် ပြည်သူတွေ များလှဘိသည်။ ပြည်သူ့အိုးအိမ်ပျက်စီးဆုံးရှုံးမှုများကလည်း စာရင်းပိတ်၍ မရအောင်များလှဘိသည်။ အချင်းချင်း ဝါဒပြိုင်ရာမှ အာဏာလု၊ နယ်မြေလုနေခဲ့ကြသည်။

ထိုသောင်းကျန်းမှုအစပိုင်း၌ သောင်းကျန်းသူအဖွဲ့များသည် ပြည်တွင်းမှာပင် လှည့်ပတ်လှုပ်ရှားနေခဲ့ကြသည်။ သောင်းကျန်းမှုကို ပြည်သူက လက်မခံဘဲ တပ်မတော်နှင့် လက်တွဲချေမှုန်းလာသောအခါ တောကြိုတောင်ကြား ပြေးလွှားလှုပ်ရှားကြသော်လည်း ပြည်တွင်းမှာသာ ရှိနေကြသေးသည်။ နောက်ပိုင်း ရွာမီးရှို့၊ လူသတ်၊ ဆက်ကြေးတောင်း၊ အရွယ် မရောက်သေးသူများကို သောင်းကျန်းသူလူသစ်အဓမ္မစုဆောင်း၊ မိုင်းထောင်၊ ဗုံးခွဲ၊ သောင်းကျန်းသူအဖွဲ့ချင်း တစ်ဖွဲ့တည်းအတွင်းမှာပင် အချင်းချင်း မညီမညွတ်ပြိုကွဲကာ ဖြုတ်ထုတ်သတ် လုပ်လာကြသောအခါ သောင်းကျန်းသူများသည် ပြည်တွင်း၌ ခိုအောင်းစရာ၊ အားကိုးအားထား ဖမ်းဆွဲစရာ ကောက်ရိုးတစ်မျှင်မျှ မရှိဘဲ ဖြစ်လာသည်။ ပြည်သူက ဆန့်ကျင် ဒဏ်ခတ်လာကြတော့သည်။ ဤသို့ဖြင့် ၎င်းတို့အား လက်ခံအားပေးသည့်နိုင်ငံ၊ ခိုလှုံလှုပ်ရှားနိုင်မည့် နိုင်ငံများကို ရှာကြံအားကိုးလာကြသည်။

ဤတွင် သောင်းကျန်းသူများ ပြည်တွင်း၌ မရပ်တည်နိုင်ဘဲ ပြည်ပအားကိုးလာရသည်။ နိုင်ငံနယ်စပ်မျဉ်းကို ကျော်ဖြတ်ပြေးရသော ပြည်ပြေးများဖြစ်လာကြသည်။ ယင်းသို့ ပြင်ပသို့ ထွက်ပြေး ခိုလှုံအားယူခဲ့သော မည်သည့် လက်ဝဲ၊ လက်ယာသောင်းကျန်းသူအဖွဲ့မျှ နာလန်ပြန်မထူနိုင်ဘဲ ဝေး၍ဝေး၍၊ ပြေး၍ပြေး၍ မှုန်ဝါးပျောက်ကွယ်သွားသည်မှာ အထင်အရှား ဖြစ်ပေသည်။ ယနေ့လက်ကျန် သောင်းကျန်းသူအားလုံးသည် ပြည်ပြေးဘဝ ရောက်နေကြရ သည်။ ထို့ကြောင့် လက်ဝဲ(ဗကပ)၊လက်ယာ(ပြည်ပြေးအားလုံး)သည် ဘဝတူ ပြည်ပြေးချင်း လက်တွဲမိလာသည်။ အနောက်ဆရာကြီးကို အားကိုးကာ ဆရာတူတပည့်ဖြစ်လာသည်။ တစ်ချိန်က နယ်ချဲ့သမားကို ဆဲရေးတိုင်းထွာရန်လုပ်ခဲ့သော ဗကပများသည် ယနေ့နယ်ချဲ့ အုပ်စု၏ သတင်းပေးဖြစ်လာသည်။ နယ်ချဲ့တို့၏ တိုင်းဆူပြည်ဖျက်စီမံကိန်းများ၌ ကျိုးနွံစွာ ပူးပေါင်း လုပ်ဆောင်လာသည့် ပြည်ပြေးမှန်သမျှ၏ လုပ်ရပ်ဟူသည် အကြမ်းဖက် ဆူပူသောင်းကျန်းသော အမျိုးသားသစ္စာဖောက်လုပ်ရပ်များသာ ဖြစ်သည်။ "နိုင်ငံရေး"ဟူသော ဝေါဟာရသည် ယင်းတို့၏ ပါးစပ်နှင့် မတန်တော့ပေ။

ပြည်သူဘက်မှ မရပ်တည်လျှင် ပြည်သူ၏ ထောက်ခံမှုမရနိုင်။ ပြည်တွင်းအာဏာမရရှိလျှင် မည်သူမည်ဝါ၊ မည်သည့် အစုအဖွဲ့၊ မည်သည့်အယူဝါဒမျှ သက်ဆိုးမရှည်နိုင်ဟူသော နိုင်ငံရေးနိယာမ စီရင်ထုံးတစ်ရပ်ဖြစ်ပေါ်လာခဲ့ပြီး ဖြစ်သည်။

အချို့ပြည်ပြေးများက လွတ်လပ်ရေးတိုက်ပွဲ မြင့်တက်ချိန်ကာလ၊ နယ်ချဲ့ကို လက်နက်ကိုင် တိုက်ထုတ်ရေးအတွက် စစ်ပညာနှင့် စစ်လက်နက်ရရှိရန် ပြည်ပသို့ထွက်ခွာသွားသော ရဲဘော်သုံးကျိပ်ကို လက်ညှိုးထိုး ကိုးကားပြကြ၏။ ရဲဘော်သုံးကျိပ် နိုင်ငံလွတ်လပ်ရေးအတွက် ပြည်ပသို့ စစ်ပညာသွားသင်ခြင်းသည် ပြည်တွင်းသို့ ပြန်လာပြီး နယ်ချဲ့ကို တိုက်ထုတ်ရန် ဖြစ်သည်။ စစ်ပညာနှင့် စစ်လက်နက်ရှာသော ယာယီပြည်ပခရီးစဉ်သာဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်လွတ်လပ်ရေးကို ဖျက်ဆီးဒုက္ခပေးရန် နယ်ချဲ့ထံမှောက် ဒူးထောက်သော အမျိုးသားသစ္စာဖောက် ပြည်ပြေးများနှင့်ကား မိုးနှင့်မြေပမာ ကွာခြားလှပေသည်။

မြန်မာနိုင်ငံ၏ မြေပေါ်၌ ရပ်တည်ခြင်းငှာ မစွမ်းတော့သော သောင်းကျန်းသူအဖွဲ့များ မည်သည့်နိုင်ငံများသို့ ထွက်ပြေးကပ်ရပ်ရင်း ပြည်ပြေးဇာတ်ခင်းကြသည်ကို အားလုံးမှတ်မိနေကြဦးမည်ဖြစ်ပါသည်။ ပြည်သူ့ အကျိုးစီးပွားထက် မိမိတို့အာဏာရရေးကိုသာ အလေးထားလွန်းသူများ၊ အုပ်စုများသည် ပြည်ပ လောင်းရိပ်အောက်ရောက်ရှိခိုလှုံနေသော သောင်းကျန်းသူများကို အားကျနည်းယူပြီး ပြည်ပသို့ထွက်ပြေးကာ ပြည်ပြေးဇာတ်ခင်းလာကြသည်။ ၁၉၇၀ ဝန်းကျင်မှစပြီး ပြည်ပြေးများထကြွလာကြရာ ယနေ့ဆိုလျှင် ပြည်ပြေး မျိုးဆက်နှစ်ဆက်သုံးဆက်ရှိနေသည်ကို တွေ့ရသည်။ ခေတ်သစ်ပြည်ပြေး ပထမမျိုးဆက်ကို စတင်ဖန်တီးခဲ့သော ဦးနု–ဦးလောရုံတို့၏ ပါလီမန်ဒီမိုကရေစီပါတီအကြောင်း တင်ပြလိုပါသည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုသည် တော်လှန်ရေးကောင်စီက ဖွဲ့စည်းပေးသည့် မြန်မာနိုင်ငံ ပြည်တွင်း ညီညွတ်ရေးအကြံပေးအဖွဲ့(၃၃)ဦးကော်မတီတွင် ပါဝင်ခဲ့သည်။ ကျန်အဖွဲ့ဝင်များက နိုင်ငံအနာဂတ်အတွက် မိမိတို့ ဖြစ်စေချင်သော ဦးတည်ချက်များကို သန်ရာသန်ရာ တင်ပြကြသည်။ ဦးနုကမူ ၁၉၆၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ၎င်း၏ အကြံပြုချက်စာတမ်းကို ကိုယ်တိုင်မတင်ဘဲ ဗိုလ်မှူးအောင်မှတစ်ဆင့် တင်ပြခဲ့သည်။ ဦးနု ကိုယ်တိုင်မှာ ၁၉၆၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ကတည်းက ဘုရားဖူးရန်၊ ဆေးကုသမှုခံရန်ဟုဆိုကာ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ ဦးနုလူကြုံနှင့် တင်ပြခဲ့သော အကြံပြုချက်မှာ ၎င်းအား ဝန်ကြီးချုပ် အာဏာအပ်ရေးကို အဓိကတောင်းဆိုထားသော အကြံပြုစာတမ်းဖြစ်သည်။

နေရှင်း ဦးလောရုံသည် ၁၉၆၅ ခုနှစ်ကတည်းက နယ်စပ်ဒေသဝမ်ခ၌ ဗိုလ်ရန်နိုင်၊ ဇာလီမော်တို့ ဖွင့်လှစ်ထားသော အမျိုးသားလွတ်မြောက်ရေးတပ်မတော် စစ်သင်တန်းသို့ ရောက်ခဲ့သည်။ အဆိုပါ ပြည်ပခို သောင်းကျန်းသူများအား အနောက်၏ အကူအညီရရှိအောင် ဆက်သွယ်ဆောင်ရွက်ပေးကာ ပြည်ပြေး ပဏာမလုပ်ငန်းလုပ်နေသူဖြစ်သည်။ ဦးလောရုံ၏ ပြည်ပြေးဇာတ်ညွှန်းတွင် အဓိကဇာတ်ဆောင်လိုအပ်နေသည်။ ဩဇာတိက္ကမ အစဉ်အလာ ထင်ပေါ်ကျော်ကြားသူ တစ်ဦးကို ရှာဖွေရမည်ဖြစ်သည်။ ဤတွင် ဦးလောရုံသည် အာဏာကို ခုံမင်တတ်သော ဦးနုကို မျက်စိကျသွားတော့သည်။

ဦးလောရုံသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်နှင့် ပါသွားပြီး ၁၉၄၄ ခုနှစ်တွင် မဟာဗျူဟာ ရုံးလုပ်ငန်းဟုအမည်ပေးထားသည့် အမေရိကန် OSS ထောက်လှမ်းရေးအဖွဲ့၌ ဗိုလ်မှူးအဆင့်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းသည်။ OSS သည် ယနေ့ CIA (အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ)၏ ရှေ့ပြေးအဖွဲ့ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ နေးရှင်း (အင်္ဂလိပ်) သတင်းစာအယ်ဒီတာချုပ် ဖြစ်လာကာ အနောက်သူလျှိုအဖြစ် တရုတ်–မြန်မာ နယ်နိမိတ်စာချုပ်မဖြစ်မြောက်စေရန် နေးရှင်းမှ ရေးသားသပ်လျှိုခြင်းအပါအဝင် သူလျှိုလုပ်ငန်းများပြားစွာ လုပ်ခဲ့သည်။ တော်လှန်ရေးကောင်စီခေတ်တွင် အစိုးရကို ဆန့်ကျင်ပုတ်ခတ်၍ ထိန်းသိမ်းခံရသည်။ ၁၉၆၈ ခုနှစ် ထောင်မှလွတ်လာပြီး အင်္ဂလန်သို့ အပြီးအပိုင်ထွက်သွားသည်။ နောက်ပိုင်း အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ကာ အမေရိကန်နိုင်ငံသား ခံယူခဲ့သည်။

ဆေးကုရန်၊ ဘုရားဖူးရန် အိန္ဒိယသို့ရောက်လာသော ဦးနုကို ဦးလောရုံက လာတွေ့ကာ ဦးနုအား ဗန်ကောက်သို့ ခေါ်သွားသည်။ ဗန်ကောက်တွင် ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်၊ စဝ်ရွှေသိုက်၏ စတုတ္ထဇနီး မဟာဒေဝီစဝ်ဟိန်းခန်းတို့နှင့် ပေါင်းမိသွားသည်။

ဦးနုနှင့် ဦးလောရုံသည် ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် လန်ဒန်သို့သွားရောက်ကာ သတင်းစာရှင်းလင်းပွဲ ကျင်းပလျက် မြန်မာအစိုးရကို တိုက်ခိုက်ဖြုတ်ချရန် ပါလီမန် ဒီမိုကရေစီပါတီ ဖွဲ့စည်းကြောင်း ကြေညာသည်။ ပါတီဥက္ကဋ္ဌမှာ ဦးနု၊ အထွေထွေ အတွင်းရေးမှူးမှာ ဦးလောရုံတို့ဖြစ်ကြောင်း၊ ပါတီဌာနချုပ်ကို ဗန်ကောက်မြို့၊ ဆွိုင်

၁၈၊အမှတ်၃၂တွင် ဖွင့်လှစ်ကြောင်း
၅ ရက်နေ့တွင် အမေရိကန်ပြည်ထော
ရောက်ကာ ငွေကြေး၊ လက်နက်အကူ
အစိုးရက မြန်မာအစိုးရအားပေးနေ
များ ရပ်ဆိုင်းရန်လည်း ဦးနုနှင့် ဦးလေ
ထိုစဉ်က အမေရိကန်တွင် ဦးနုတို့ပြည်
တစ်သန်းခွဲနီးပါး(၁၄၆၀၀၀၀) ကောက်
လေးသန်းအလိုရှိကြောင်း တောင်းခံခဲ့

ဦးနုသည် ဗန်ကောက်သို့ ပြန်
စီးပွားရေးသမားများအား ရန်ပုံငွေလ
ပြည်တွင်းမှ စီးပွားရေး အကွက်အကွ
ကြေညာခဲ့သဖြင့် တိုင်းပြည်ကိုလက်ညှိ
သမုတ်ခံခဲ့ရသည်။ ဦးနု၏ ပါလီမန်ဒီမို
ဆောင်လူကြီးများမှာ ဗိုလ်လက်ျာ၊ ဗိုလ်
ဦးနု၏အမျိုးသားသစ္စာဖောက် ပြည်ပြေး
သူစာရေးဆရာ၊သတင်းစာဆရာ ဝါရ
ဖေမြင့်က 'ပြန်လမ်းမရှိသောဦးနု' စာ
ရေးသားခဲ့သည်။ "ဦးနုဟာ တစ်ခါတ
မကောင်းဘူး။ ဦးနုဟာတစ်ခါတုန်းက
ပြန်နေတယ်။ ဦးနုဟာတစ်ခါတုန်းက
ယနေ့ နယ်ချဲ့တပည့်နောက်လိုက်"

ပြည်ပြေးများအတွင်း အုပ်စုကွဲ
ရာထူးအာဏာလုလာကြသည်။ ပြ
မညီမျှမှုဖြစ်လာသည်။ ခေါင်းဆောင်မျ
နေရပြီး ငယ်သားများက နယ်စပ်၌င
စိတ်ဝမ်းကွဲလာသည်။ ဗိုလ်ရန်နိုင်၊ဦ
အုပ်စုကွဲလာကြသည်။ ရန်စောင်ရန်
ဖြုတ်ထုတ်သတ်လုပ်လာသည်။ ၁
သိန်းလွင်၊ ထွန်းရှိန်၊ ညိုမင်းတို့ အပ
သတ်ခံရသည်။

ဦးလောရုံက ဆီးတိုးခေါ် အမေရိ
အာရှ စစ်စာချုပ်အဖွဲ့၏ ညွှန်ကြားချက်
တိုက်ခိုက်ရန် ဗိုလ်လက်ျာ၊ဇာလီမော်တို့နှ
ရန်ကုန်ဘဆွေ၏ နောင်ရိုးတိုက်ပွဲအမည်
ရေးမှာ မစတင်မီမှာပင် ပျက်သွားသ
စစ်ဆင်ရေးကြောင့် ပြည်ပြေးများနိုင်

ပြည်ပြေးတို့၏ မြစ်ဝကျွန်းပေါ်သိ
များသည်လည်း တပ်မတော်၏ ဝေ
ခံလိုက်ရသည်။ ပြည်ပြေးတို့လုပ်နိုင်
နိုင်ငံအတွင်းသို့ ဗုံးခွဲမည့်လူများ စေလွှ
သတင်းပေး၍ ပြည်ပြေးအကြမ်းဖက်
ဖမ်းမိခဲ့သည်။ ပြည်ပြေးအဖွဲ့မှ နုတ်ထွ
သော အုပ်စုများတိုးပွားလာသည်။
ပါလီမန်ဒီမိုကရေစီပါတီကို နာမည်ပြေ
ပါတီခေါ် ပြည်ပြေးတို့နှင့်ကွဲပြဲကာ
အမေရိကန်သို့ ထွက်ခွာသွားခဲ့ကြသည
အနောက်နိုင်ငံများနှင့် အာရှမှနိုင်ငံ
နေကြရသည်။

ဒုတိယမျိုးဆက် ပြည်ပြေးများ ပေ
အငယ်တန်း အဆင့်မှ ပါဝင်ခဲ့သူ
ဒုတိယမျိုးဆက်သည် ၁၉၈၇ခုနှစ်ဆ
မျိုးဆက် ပြည်ပြေး(ဝါ)မြန်မာပြည်တွ
သွင်းရေးကော်မတီ CRDB ခေါ် The
of Democracy in Burma ကို ပြည
ယင်း CRDB တွင် ဥက္ကဋ္ဌ ဒေါက်တာ
ဒုဥက္ကဋ္ဌ တင်မောင်ဝင်း (ဦးနုပြည်
ထွက်ပြေးစဉ် တောတွင်း၌ အမောဆို
ဦးဝင်း၏ သား)၊ နောက်ထပ်ဒုတိယဥ
ဟောင်း ဦးရာရှစ်၏သား)၊ အတွင်းရေး
ရေးမှူးဟောင်း ဦးချမ်းသာ၏ သား)၊
ဦးသောင်း(ခေါ်)အောင်ဗလနှင့် တင်
ဖြစ်ကြသည်။

ယင်း CRDB ပြည်ပြေးများသ
အဖွဲ့ခွဲများဖွဲ့ပြီး တစ်ဖက်နိုင်ငံသို့ လာ
ပြည်ပမှ ငွေကြေးတောင်းခံခြင်း၊ ဒုက္ခ
ငွေကြေးထောက်ပံ့သူများ ကျေနပ်စေရန်
မြန်မာအစိုးရကို ဆန့်ကျင်ပုတ်ခတ်
နှောင့်ယှက်ရန် အနောက်နိုင်ငံများအ
လုပ်ကိုင်ရင်း တစ်စတစ်စ ပြိုကွဲလာခဲ့
နေရာမှ တစ်ဖက်နိုင်ငံ ဇင်းမယ်မြို့သို့
ရဲကျော်သူတို့ မထင်မရှားကွယ်လွန်သူ
ဗိုလ်ခင်မောင်တို့က CRDB ကို အသ
လည်း မအောင်မြင်ချေ။

တတိယပြည်ပြေးမျိုးဆက်သည်
ဆူပူအကြမ်းဖက်မှုဖြင့် အာဏာသိမ်း

ယနေ့ ဗကပယူဂျီလက်ကျန်နှင့် လက်ယာနယ်ချဲ့ လက်သစ်တို့ စိတ်တူကိုယ်တူ ချမှတ်လိုက်သည့် ဒီမို ၂၀၀၆ ခေါ် လူထု အုံကြွဆူပူမှု ဖန်တီးပြီး နိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေး ဖျက်ဆီးမည့်လုပ်ရပ်ကို ပြည်သူတို့က လုံးဝ လက်မခံပါချေ။ မြန်မာနိုင်ငံကို ပိတ်ဆို့ကြည့်သော်လည်း သင်းတို့ မအောင်မြင်။ နိုင်ငံတကာနှင့် ကုလသမဂ္ဂတို့က အထင်အမြင်လွဲ မှားအောင် စွပ်စွဲချက် လိမ်ဆင်များဖြင့် စမ်းကြည့်သော်လည်း အရာမရောက်၊ အမျိုးသားနိုင်ငံရေးကို သစ္စာဖောက်နေသမျှ ၎င်းတို့လုပ်ရပ်သည် အဖျက်လုပ်ရပ်သာဖြစ်နေပေမည်။ အဖျက်လုပ်ရပ်ဟူသမျှ အောင်မြင်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ပြည်သူတို့က အဖျက်(အပျက်) နှင့် အပြု(အဖြစ်) ကို ခွဲခြားစည်းသား နားလည်ထားပြီး ဖြစ်သောကြောင့်ပင်တည်း။

၁၈၊အမှတ်၃၂တွင် ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။ စက်တင်ဘာ ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ သွားရောက်ကာ ငွေကြေး၊ လက်နက်အကူအညီတောင်းသည်။ အမေရိကန်အစိုးရက မြန်မာအစိုးရအားပေးနေသော အကူအညီအထောက်အပံ့များ ရပ်ဆိုင်းရန်လည်း ဦးနုနှင့် ဦးလောရုံတို့က တောင်းဆိုကြသည်။ ထိုစဉ်က အမေရိကန်တွင် ဦးနုတို့ပြည်ပြေး ရန်ပုံငွေ အမေရိကန်ဒေါ်လာ တစ်သန်းခွဲနီးပါး(၁၄၆၀၀၀၀) ကောက်ခံရရှိသည်။ ဦးနုတို့က ဒေါ်လာ လေးသန်းအလိုရှိကြောင်း တောင်းခံခဲ့ခြင်း ဖြစ်သည်။

ဦးနုသည် ဗန်ကောက်သို့ ပြန်ရောက်ပြီးနောက် နိုင်ငံခြားသား စီးပွားရေးသမားများအား ရန်ပုံငွေလှူပါ။ မိမိတို့ အာဏာရလျှင် ပြည်တွင်းမှ စီးပွားရေး အကွက်အကွင်းများ၌ လုပ်ပိုင်ခွင့်ပေးမည်ဟု ကြေညာခဲ့သဖြင့် တိုင်းပြည်ကိုလက်ညှိုးထိုးရောင်းစားနေသောဦးနုဟု သမုတ်ခံခဲ့ရသည်။ ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီ၏ ဗဟိုအလုပ်အမှုဆောင်လူကြီးများမှာ ဗိုလ်လကျ်၊ ဗိုလ်ရန်နိုင်၊ဦးသွင် စသူတို့ဖြစ်သည်။ ဦးနု၏အမျိုးသားသစ္စာဖောက် ပြည်ပြေးလုပ်ရပ်နှင့်ပတ်သက်၍ ကွယ်လွန်သူစာရေးဆရာ၊သတင်းစာဆရာ ဝါရင့် နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်က ‘ပြန်လမ်းမရှိသောဦးနု’ စာအုပ်တွင် ဤသို့ကောက်ချက်ချ ရေးသားခဲ့သည်။ “ဦးနုဟာ တစ်ခါတုန်းက ကောင်းခဲ့တယ်၊ ယနေ့ မကောင်းဘူး။ ဦးနုဟာတစ်ခါတုန်းက တိုးတက်ခဲ့တယ်၊ ယနေ့ဖောက်ပြန်နေတယ်။ ဦးနုဟာတစ်ခါတုန်းက နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ယနေ့ နယ်ချဲ့တပည့်နောက်လိုက်”

ပြည်ပြေးများအတွင်း အုပ်စုကွဲလာကြသည်။ ဗိုလ်လု၊ နယ်လု၊ ရာထူးအာဏာလုလာကြသည်။ ပြည်ပအကူအညီကို သုံးစွဲရာ၌ မညီမျှမှုဖြစ်လာသည်။ ခေါင်းဆောင်များက ဗန်ကောက်တွင် ဇိမ်ကျကျနေရပြီး ငယ်သားများက နယ်စပ်၌ငတ်ငတ်ပြတ်ပြတ်နေကြရသဖြင့် စိတ်ဝမ်းကွဲလာသည်။ ဗိုလ်ရန်နိုင်၊ဦးသွင်၊ရန်ကုန်ဘဆွေတို့အကြား အုပ်စုကွဲလာကြသည်။ ရန်စောင်ရန်လုပ်လာသည်။ ငယ်သားများကို ဖြုတ်ထုတ်သတ်လုပ်လာသည်။ ၁၉၇၀ပြည့်နှစ် တစ်နှစ်အတွင်း သိန်းလွင်၊ ထွန်းရှိန်၊ ညိုမင်းတို့ အပါအဝင် လူ ၁၀ ဦး ဖြုတ်ထုတ်သတ်ခံရသည်။

ဦးလောရုံက ဆီးတိုးခေါ် အမေရိကန်ဦးဆောင်သော အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာပြည်တွင်း ဝင်ရောက်တိုက်ခိုက်ရန် ဗိုလ်လကျ်၊ ဇာလီမော်တို့နှင့် စီစဉ်သည်။ လုံးဝမအောင်မြင်။ ရန်ကုန်ဘဆွေ၏ နောင်ရိုးတိုက်ပွဲအမည်ခံ မွန်ပြည်နယ်အတွင်း ဝင်တိုက်ရေးမှာ မစတင်မီမှာပင် ပျက်သွားသည်။ တပ်မတော်၏ ပတ္တမြားစစ်ဆင်ရေးကြောင့် ပြည်ပြေးများနိုင်ငံမြေပေါ် နင်းခွင့်မရခဲ့ပေ။

ပြည်ပြေးတို့၏ မြစ်ဝကျွန်းပေါ်သိမ်းပိုက်ရေး၊ ပိတ်ဆို့ရေးအစီအစဉ်များသည်လည်း တပ်မတော်၏ ထော်ပိုင်စစ်ဆင်ရေးဖြင့် ချေမှုန်းခံလိုက်ရသည်။ ပြည်ပြေးတို့လုပ်နိုင်ခဲ့သော လုပ်ရပ်ကား မြန်မာနိုင်ငံအတွင်းသို့ ဗုံးခွဲမည့်လူများ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူလူထုသတင်းပေး၍ ပြည်ပြေးအကြမ်းဖက်သမားများစွာကို ဗုံးများနှင့်အတူ ဖမ်းမိခဲ့သည်။ ပြည်ပြေးအဖွဲ့မှ နုတ်ထွက်သွားသူများ၊ နုတ်ထွက်သွားသော အုပ်စုများတိုးပွားလာသည်။ ဦးနုနှင့်ဦးလောရုံ တို့ကိုယ်တိုင် ပါလီမန်ဒီမိုကရေစီပါတီကို နာမည်ပြောင်းထားသော ပြည်သူ့ပြည်ချစ်ပါတီခေါ် ပြည်ပြေးတို့နှင့်ကွဲပြဲကာ ဦးနုကအိန္ဒိယ၊ ဦးလောရုံက အမေရိကန်သို့ ထွက်ခွာသွားခဲ့ကြသည်။ ပြည်ပြေးအများအပြားသည် အနောက်နိုင်ငံများနှင့် အာရှမှနိုင်ငံအချို့သို့ ပြန့်ကျဲရောက်ရှိခိုလှုံနေကြရသည်။

ဒုတိယမျိုးဆက် ပြည်ပြေးများ ပေါ်လာပြန်၏။ ပထမမျိုးဆက်တွင် အငယ်တန်း အဆင့်မှ ပါဝင်ခဲ့သူ ဂျူနီယာပြည်ပြေးများဖြစ်သည်။ ဒုတိယမျိုးဆက်သည် ၁၉၈၇ခုနှစ်ဆန်းတွင် တစ်ကျော့ပြန် ဒုတိယမျိုးဆက် ပြည်ပြေး(ဝါ)မြန်မာပြည်တွင်း ဒီမိုကရေစီ ပြန်လည်အသက်သွင်းရေးကော်မတီ CRDB ခေါ် The Committee For Restoration of Democracy in Burma ကို ပြည်ပမှာပင် ဖွဲ့စည်းကြပြန်သည်။ ယင်း CRDB တွင် ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်း (ဦးအုန်းခင်၏သား)၊ ဒုဥက္ကဋ္ဌ တင်မောင်ဝင်း (ဦးနုပြည်ပြေးခေတ်က ပြည်ပြေးလုပ်ရန် ထွက်ပြေးစဉ် တောတွင်း၌ အမောဆို့ သေဆုံးခဲ့သော ဝန်ကြီးဟောင်း ဦးဝင်း၏ သား)၊ နောက်ထပ်ဒုတိယဥက္ကဋ္ဌဖြစ်သူ ဘီလားရာရှစ်(ဝန်ကြီးဟောင်း ဦးရာရှစ်၏သား)၊ အတွင်းရေးမှူး ရဲကျော်သူ(စသုံးလုံးညွှန်ကြားရေးမှူးဟောင်း ဦးချမ်းသာ၏ သား)၊ ငွေထိန်းတင်မောင်သော်၊ အဖွဲ့ဝင် ဦးသောင်း(ခေါ်)အောင်ဗလနှင့် တင်မောင်ဝင်း၏ ဇနီး ခင်မျိုးအေးတို့ ဖြစ်ကြသည်။

ယင်း CRDB ပြည်ပြေးများသည် ဥရောပနှင့် အင်္ဂလန်တွင် အဖွဲ့ခွဲများဖွဲ့ပြီး တစ်ဖက်နိုင်ငံသို့ လာရောက်ကာ ပြည်ပြေးစုဆောင်းခြင်း၊ ပြည်ပမှ ငွေကြေးတောင်းခံခြင်း၊ ဒုက္ခသည်များထံမှ ခေါင်းပုံဖြတ်ခြင်း၊ ငွေကြေးထောက်ပံ့သူများ ကျေနပ်စေရန် ကြေညာချက်များ ထုတ်ပြန်ကာ မြန်မာအစိုးရကို ဆန့်ကျင်ပုတ်ခတ်ခြင်း၊ မြန်မာနိုင်ငံကို ပိတ်ဆို့နှောင့်ယှက်ရန် အနောက်နိုင်ငံများအား တောင်းဆိုခြင်းများကိုသာ လုပ်ကိုင်ရင်း တစ်စတစ်စ ပြိုကွဲလာခဲ့ရသည်။ ဝါရှင်တန်တွင် အခြေချနေရာမှ တစ်ဖက်နိုင်ငံ ဇင်းမယ်မြို့သို့ လာရောက်ပြီး တင်မောင်ဝင်းနှင့် ရဲကျော်သူတို့ မထင်မရှားကွယ်လွန်သွားကြသည်။ ဦးစိန်မြ၊ သံမဏိ ဗိုလ်ခင်မောင်တို့က CRDB ကို အသက်ဆက်ရန် အားထုတ်ခဲ့သော်လည်း မအောင်မြင်ချေ။

တတိယပြည်ပြေးမျိုးဆက်သည်ကား ၁၉၈၈ခုနှစ်တွင် ပြည်တွင်း၌ ဆူပူအကြမ်းဖက်မှုဖြင့် အာဏာသိမ်းယူရန် ကြိုးစားကြသည့် လက်ဝဲ၊

“ကိုယ့်နိုင်ငံ (ကိုယ့်ဇာတိမြေ)ကို စွန့်ခွာပြီး ကိုယ့်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖျက်ရန်ကြံနေသော၊ ပြည်ပကို သစ္စာခံသော ပုဆိန်ရိုးများကိုကား ပြည်ပြေး” များဟု ခေါ်ပေသည်။ နိုင်ငံမှ တည်ဆဲဥပဒေများ ချိုးဖောက်ထွက်ပြေးသူများကား ဝရမ်းပြေးများသာဖြစ်သည်။ ပြည်ပသို့ထွက်ပြေးသော ဥပဒေချိုးဖောက်၊ ပြစ်မှု ကျူးလွန်သူများကား “ပြည်ပြေး –ဝရမ်းပြေး”များပင် ဖြစ်တော့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ အချုပ်အခြာ (လွတ်လပ်ရေး)ကို နှောင့်ယှက် ဖျက်ဆီးသူများကိုမူ အမျိုးသားသစ္စာဖောက်ဟု ဆိုပေသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဖျက်ဆီးရန် ယနေ့ ပြည်ပသို့ ထွက်ပြေးကြသည့် ပြစ်မှုကိုယ်စီ ကျူးလွန်ခဲ့သူ၊ ကျူးလွန်နေသူများ၏ နာမဝိသေသနကား ရှည်လျားလှပေသည်။ “ပြည်ပြေး၊ ဝရမ်းပြေး၊ တရားခံပြေး၊ အမျိုးသားသစ္စာဖောက်၊ နယ်ချဲ့သစ္စာခံ ပုဆိန်ရိုးများ” ဟူသတည်း။

လက်ယာခေါင်းဆောင်များက ၎င်းတို့၏ အကြံအစည် မအောင်မြင်သောအခါ ကျောင်းသားလူငယ်များကို ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်ဖြင့် နယ်စပ်သောင်းကျန်းသူစခန်းများသို့ တွန်းလွှတ်ရာမှ ဖြစ်ပေါ်လာသော မလည်မဝယ်၊ မနူးမနပ် ပြည်ပြေးများဖြစ်သည်။

နယ်စပ်နှင့် တစ်ဖက်ပြည်ပြေးစခန်း (ဒုက္ခသည်စခန်းအမည်ခံစခန်း) များတွင် နှိပ်စက်ခံရသူ၊ ဘဝပျက်ဘဝဆုံးရသူ၊ ငတ်ပြတ်ဒုက္ခရောက်သူ များ များပြားလှသည်။ အမြင်မှန်ရသူ လူငယ်များသည် တပ်ခ်ခရိုင် လက်ခံရေးစခန်းများမှတစ်ဆင့် နှစ်နိုင်ငံအစိုးရ၏ မေတ္တာစေတနာဖြင့် မိဘရင်ခွင်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ထောင်ပေါင်းများစွာသော ပြန်လာကြမည့်သူများကို အနောက်မီဒီယာများ၊ လျှို့ဝှက်အဖွဲ့များ၊ NGO အမည်ခံ စီအိုင်အေ လက်ခွဲအဖွဲ့များက မပြန်နိုင်အောင် ဟန့်တားကြသည်။ တစ်ဖက်စခန်းများတွင် ကျန်ရစ်သူများထဲမှ ၎င်းတို့အတွက် အသုံးတည့်မည့်သူများကို ယခင်ပြည်ပြေးများကဲ့သို့ပင် အရှေ့၊ အနောက် နိုင်ငံများစွာသို့ ဖြန့်ကြက်ပို့ထားသည်။ ထိုပြည်ပြေးငယ်များမှာ ယခုမူ အရွယ်ရောက်ခဲ့ကြပြီ။ တိုင်းတစ်ပါး၌ နေထိုင်ကာ မထူးဇာတ်ခင်းလျက် ကိုယ့်နိုင်ငံကိုယ် ဒုက္ခပြန်ပေးလာနေကြရသည်။ ဤသို့မျှမလုပ်လျှင်လည်း မိဝေးဖဝေးဖြင့် ငတ်ကြပြတ်ကြရမည်။ ဒုက္ခရောက်ကြရမည်။ ဘဝဆုံးကြရမည်။

ဒုတိယမျိုးဆက် ပြည်ပြေးဖြစ်သူ CRDB မှ တင်မောင်ဝင်း၊ ရဲကျော်သူ၊ သောင်းထိုက်၊ မောင်အောင်တို့က တတိယမျိုးဆက်များကို ချုပ်ကိုင်ပြီး ဆရာကြီးလုပ်ရန် တစ်ဖက်စခန်းများသို့ လာခဲ့ကြသေးသည်။ အနောက်မှ အမတ်ဆိုသူများ၊ သံအမတ်များ၊ NGO အမည်ခံ ထောက်လှမ်းရေးအဖွဲ့များ၊ အကြမ်းဖက်နည်း၊ တိုက်ခိုက်နည်း သင်တန်းပေးမည့် မျက်နှာဖြူအကြမ်းဖက်နည်းပြများကလည်း ဥဒဟိုဝင်ထွက်ကြသည်။ ဤသို့ဖြင့် တတိယပြည်ပြေးမျိုးဆက်များလည်း ပြန်လမ်းမရှိတော့ဘဲ မထူးဇာတ်ခင်းလာကြရသည်။

၁၉၉၀ ပြည့်နှစ်က ပြည်တွင်း၌ စင်ပြိုင်အစိုးရဖွဲ့ရန် ကြိုးပမ်းရာမှ မအောင်မြင်သဖြင့် ပြည်ပြေးလုပ်သွားသော အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌဟောင်း၊ ဒေါ်စုကြည်၏ မောင်တစ်ဝမ်းကွဲ စိန်ဝင်းသည် NLD အမတ်ဆိုသူတစ်စုဖြင့် ပြည်ပြေးအစိုးရဟူ၍ အဖွဲ့ဖွဲ့ခဲ့ကြသည်။ စိန်ဝင်းက ပြည်ပြေး ဝန်ကြီးချုပ်အဖြစ် ဝါရှင်တန်တွင်နေထိုင်ကာ တစ်ဖက်ပြည်ပြေးစခန်းများကို လှမ်း၍ ချုပ်ကိုင်ထားသည်။

ပြည်တွင်း၌ ဆူပူမှုဖန်တီးခိုင်းကာ ဥပဒေအရ အဖမ်းမခံရမီ နယ်စပ်ဖြတ်ကျော်ကာ ပြည်ပြေးလုပ်စေသော နည်းဖြင့် ပြည်ပြေးလူသစ်စုဆောင်းကြသည်။ ပြည်ပြေးများ အားတက်စေရန် နော်ဝေနိုင်ငံ အော်စလိုမြို့တွင် DVB ခေါ် ဒီမိုကရက်တစ် မြန်မာ့အသံဆိုပြီး အသံလွှင့်လုပ်ငန်း ထောင်ပေးကာ ပြည်ပြေးများအား ခန့်ထားခဲ့သည်။ RFA ခေါ် ရေဒီယိုဖရီးအေးရှား အသံလွှင့်ဌာနကို ပြည်ပြေးများအတွက် ဝါရှင်တန်မှာပင် ထောင်ပေးထားသည်။ VOA, BBC တို့တွင်လည်း ပြည်ပြေးလူသစ်များ ခန့်ထားပေးထားသည်။ အမေရိကန်အမတ် ဆိုလာ့ဇ်၊ ရိုရာဘာကျာ၊ မက်ကောနဲ၊ မွိုင်နီဟန်၊ BPF ခေါ် မြန်မာငြိမ်းချမ်းရေးဖောင်ဒေးရှင်း တည်ထောင်ထားသူ ဒေးဗစ်အာနောတို့သည် မြန်မာပြည်ပြေးများကို လက်သပ်မွေး ပျိုးထောင်ပေးနေသူများဖြစ်သည်။

အင်္ဂလန်မှ BAG (Burma Action Group) ခေါ် မြန်မာနိုင်ငံလှုပ်ရှားမှုအုပ်စုတွင် ဇူနက်တာလစ်ဒဲ၊ ဒေါ်စုကြည်၏ ယောက္ခမ(ဝါ) ဒေါ်စုကြည်၏ ခင်ပွန်း မိုက်ကယ်အဲရစ်၏ မိခင် အက်ဗလင်အဲရက်စ်၊ ဒေါ်စုကြည်ကို အိန္ဒိယမှ အင်္ဂလန်သို့ ခေါ်သွားကာ ပညာသင်ပေးထားသည့် ဗြိတိသျှ သံအမတ်ကြီးဟောင်း ဘုသ်၏ ဇနီး မစ္စစ်ဘုသ်တို့ ဦးဆောင်လှုပ်ရှားကြသည်။ လေယာဉ်ပြန်ပေးဆွဲခဲ့သော ပြည်ပြေးများ၊ ရန်ကုန်တွင် ဗုံးခွဲခဲ့သော ပြည်ပြေးများကို အင်္ဂလန်နှင့် အမေရိကန်သို့ ခေါ်ယူမြှောက်စားထားကြသည်။ ပြည်ပြေးတို့ ဗုံးခွဲ၊ မိုင်းထောင်၊ လူသတ်သမျှ အားလုံးကို အနောက်မီဒီယာများက ဖုံးဖိကာကွယ်ပေးကြသည်။ ကြားမှဝင်ပြီး ငြင်းဆန်ပေးသည်။ ဒီမိုကရေစီရေးလှုပ်ရှားသူများအဖြစ် ဗန်းတင်ပေးသည်။

CIA နှင့် လက်ယာအစွန်းရောက်များ ပူးပေါင်းကာ ပြည်ပြေးများအတွက် FBG, ACFOA, JRS၊ ငွေကြေးလောင်းကစားသမားကြီးဂျော့ဆိုရော့စ်၏ လူ့အဖွဲ့အစည်းပွင့်လင်းရေး (The Open Society Fund)၊ အမျိုးသားဒီမိုကရေစီ ပံ့ပိုးလှူဒါန်းရေးအဖွဲ့ –NED (National Endowment For Democracy) စသည်စသည် အဖွဲ့များက ပြည်ပြေးများကိုငွေကြေးမပြတ်ထောက်ပံ့ထားသည်။ ပြည်ပြေးများအား အလုပ်ရှာပေးသည်။ ဆိုရော့စ်၏ အဖွဲ့အောက်တွင် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များအဖွဲ့ (Refugee International)၊ အာရှလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch, Asia) များ ဖွဲ့ထားပြီး နိုင်ငံတကာ၏ အမျိုးသားရေးခံတပ်များကို ထိုးဖောက်ကာ ၎င်း၏ ငွေကြေးအင်ပါယာချဲ့ထွင်ရန် အားထုတ်သည်။ ဂျော့ဆိုရော့စ်ကိုယ်တိုင် ဟန်ဂေရီမှ ထွက်ပြေးလာသည့် ပြည်ပြေးဖြစ်သည်။ ဆိုရော့စ်၏ မြန်မာနိုင်ငံစီမံချက်(The Burma Project)သည် မြန်မာနိုင်ငံကို ပညာရေး၊ စီးပွားရေးအရ နှောင့်ယှက်ဖျက်ဆီးရန် ရေးဆွဲထားသော စီမံချက်ဖြစ်ပြီး ၎င်းစီမံချက်တွင် မြန်မာလူမျိုးထဲမှ မိုရင်းအောင်သွင်၊ အက်စ်မီချန်ထွန်း၊ နော်လွီဇာဘင်ဆင်စသည့် ပြည်ပြေးများကို ငှားရမ်းအသုံးပြုထားသည်။

ယခုအခါ ပြည်သစ်ညွှန့်ဝေ၏ FTUB, NLD (လွတ်မြောက်နယ်မြေ)၊ ABSDF စသည့် ပြည်ပြေးအဖွဲ့များ၊ ပြည်ပြေးသောင်းကျန်းသူ SSA-S, KNPP ပြန်ဝင် စသည့် အဖွဲ့များသည် အနောက်၏အထောက်အပံ့ဖြင့် နယ်စပ်ဒေသတွင် ခွထိုင်အခြေပြုကာ အဖျက်လုပ်ငန်း၊ အကြမ်းဖက်လုပ်ငန်းများကို လုပ်နေဆဲ ဖြစ်သည်။ ပြည်ပြေးအရေအတွက်က မများလှပေ။ ရှိသမျှပြည်ပြေးများကို တစ်ယောက်တစ်ဖွဲ့နှုန်းဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းနာမည်ခံနေစေခြင်းသာဖြစ်သည်။

ပြည်ပြေးဟူသည် ယခင်ကရော ယခုအခါပါ နိုင်ငံတကာမှာရော တစ်နိုင်ငံချင်းမှာပါ အာဏာရလာရိုးထုံးစံမရှိပေ။ ပြည်ပမှာနေ၊ ပြည်ပကခိုင်းတာလုပ်၊ ပြည်ပက ကျွေးသမျှစားပြီး ပြည်ပမှာပင် အရိုးထုတ်ကြရစမြဲ ဖြစ်သည်။ မျက်မှောက် နိုင်ငံတကာသတင်းများကို ကြည့်လျှင် နိုင်ငံတစ်ခုကို အသားလွတ် ကျူးကျော်တိုက်ခိုက်ပြီး ကျူးကျော်ခံရသောနိုင်ငံမှ ၎င်းတို့မကြိုက်သော အစိုးရကိုဖယ်ရှားကာ ၎င်းတို့ဩဇာခံရုပ်သေးအစိုးရတင်လျက် နောက်ကွယ်မှ ခြယ်လှယ်ကြိုးကိုင်သွေးစုပ်သည့် ကိုလိုနီပုံစံသစ်ကို တွေ့နေကြရသည်။ ယင်းရုပ်သေးအစိုးရများကို ၎င်းတို့ကျွေးမွေးပုံသွင်းထားသည့် ပြည်ပြေးများဖြင့် ဦးဆောင်ချုပ်ကိုင်ရန် အားထုတ်မှု မှန်သမျှ မအောင်မြင်ကြောင်း တွေ့နေရသည်။ အီရတ်ပြည်သူများသည် အမေရိကန်စစ်တပ်မှ ခေါ်သွင်းလာသည့် အီရတ်ပြည်ပြေး ချာလာဘီကို လက်မခံကြချေ။ အလားတူ အီတလီတွင် နှစ်ပေါင်း ၃၀ ပြည်ပြေးအဖြစ် နေထိုင်ခဲ့သည့် အာဖဂန်နစ္စတန် ဘုရင်ဟောင်း ဇဟီယာရှားကို အာဖဂန်နိုင်ငံသားများက လက်မခံကြချေ။

ပြည်ပြေးဟူသည် ဤဆောင်းပါးရှေ့ပိုင်း၌ တင်ပြခဲ့သည့်အတိုင်း ပြည်သူ့ အင်အားကိုအလေးမထား၊ ပြည်သူကိုသစ္စာဖောက်ဖျက်ကာ ပြည်ပြေးဘဝခံယူသွားကြ သဖြင့် လည်းကောင်း၊ ပြည်ပဩဇာခံကာ ကိုယ့်နိုင်ငံကို ကျွန်ဘဝသို့ ပြန်လည်တွန်းပို့နေကြသဖြင့်လည်းကောင်း၊ ပြည်သူတို့၏ငြိမ်းချမ်းမှု၊ စားဝတ်နေရေးဖူလုံမှုကို ဖျက်ဆီး နှောင့်ယှက်နေကြသဖြင့်လည်းကောင်း ပြည်သူလူထု၏ တံတွေးခွက်တွင် စုံးစုံးမြုပ်နေကြသူများဖြစ်သည်။

ယနေ့ ဗကပယူဂျီလက်ကျန်နှင့် လက်ယာနယ်ချဲ့ လက်သစ်တို့ စိတ်တူကိုယ်တူ ချမှတ်လိုက်သည့် ဒီမို ၂၀၀၆ခေါ် လူထုအုံကြွ ဆူပူမှုဖန်တီးပြီး နိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေး ဖျက်ဆီးမည့်လုပ်ရပ်ကို ပြည်သူတို့က လုံးဝ လက်မခံပါချေ။ မြန်မာနိုင်ငံကို ပိတ်ဆို့ကြည့်သော်လည်း သင်းတို့ မအောင်မြင်။ နိုင်ငံတကာနှင့် ကုလသမဂ္ဂတို့က အထင်အမြင်လွဲမှားအောင် စွပ်စွဲချက်လိမ်ဆင်များဖြင့် စမ်းကြည့်သော်လည်း အရာမရောက်၊ အမျိုးသားနိုင်ငံရေးကို သစ္စာဖောက်နေသမျှ ၎င်းတို့လုပ်ရပ်သည် အဖျက်လုပ်ရပ်သာဖြစ်နေပေမည်။ အဖျက်လုပ်ရပ်ဟူသမျှ အောင်မြင်မည် မဟုတ်ချေ။ အဘယ့်ကြောင့် ဆိုသော် ပြည်သူတို့က အဖျက်(အပျက်) နှင့် အပြု(အဖြစ်)ကို ခွဲခြားစည်းသား နားလည်ထားပြီးဖြစ်သောကြောင့်ပင်တည်း။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၈-၂၀၀၆ (အင်္ဂါနေ့)

၁၃၆၈ခုနှစ်၊ ဝါခေါင်လကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ဝါဆိုမိုးဆမ်းကန်တော့ပန်း
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Islands Of Dhamma.
၈:၅၀ ၁၀။ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက–၂၊စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ **“ဟွန်းသံ” (ဇေရာနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)**
၅:၁၅ ၇။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်အဆင့်) (အမျိုးသမီး)
၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၂)**
၇:၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုလိုင်နံနက်ခင်း” (အပိုင်း–၂၀)**
၇:၅၀ ၁၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အိပ်မက်လှလှ” (အပိုင်း–၂၂)**
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ် များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာ ကျိုက်ပါဒဆံစေတီတော် ယုဇန တန်ဆောင်း၌ ကျင်းပသည့် ပါဒကြီးစံပြ ကျေးရွာ ရွာလုံးကျွတ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ရာသက်ပန် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဝင် ဝတ်စုံ ၂၀ ကို အသင်းဝင်များအား ထောက်ပံ့ပေးအပ် က ပါဒကြီးစံပြကျေးရွာ၏ ရွာလုံး ကျွတ် ရာသက်ပန်အသင်းဝင် အဆိုပြု လွှာ ၇၃၂ စောင်ကို လက်ခံယူသည်။

အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့ သည် ပါဒကြီးစံပြကျေးရွာ၏ ခြံစည်း ရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူ ပင်များ ပါဝင်စိုက်ပျိုးပေးကြပြီး ဒေသခံ ပြည်သူများ၏ ပျိုးပင်များ စုပေါင်း စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပါဒကြီး စံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင် မိခင်များနှင့် မိခင်လောင်းများအား ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့ သည် ပါဒကြီး မူလတန်းကြိုကျောင်း သို့ ရောက်ရှိပြီး ရင်သွေးငယ်များအား စားစရာမုန့်များ ဝေငှပေးအပ်ကြပြီး မိသားစု ဝင်ငွေတိုးလုပ်ငန်းအဖြစ်ခြင်း ဖြင့် ချင်းနှင့် နနွင်း စိုက်ပျိုးထားမှုကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တန်း ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုးဘွားများအား ထောက်ပံ့ငွေများနှင့် ဆေးဝါးများ လှူဒါန်းပေးအပ်ကြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် ရွှေပြည်သာယာ ကျေးရွာသို့ သွားရောက်၍ ကြက်များအား ကြက်မျက်ခမ်းစပ် ရောဂါကာကွယ်ဆေးများ ခတ်ပေးပြီး ခြင်းဖြင့် ချင်းစီးပွားဖြစ် စိုက်ပျိုး ထားမှုနှင့်ဒိုချက်ကင်းသဘာဝမြေသြဇာ ပြုလုပ်ပြသထားမှုများကို ကြည့်ရှုကြ ပြီးလိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ သည် ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အတွင်းရှိ အဖွဲ့ဝင် များနှင့် တွေ့ဆုံအမှာစကား ပြောကြား ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြု လွှာ ၂၀၅၀ စောင်ကို လက်ခံယူသည်။

ဆွေးနွေး

ယင်းနောက် နာယက ဒေါ်မာမာဝေ နှင့် အဖွဲ့ဝင်များသည် အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် မိသားစု စကား ဝိုင်းအသွင် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမျိုးသမီးရေးရာကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင် ဆွေးနွေး ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် သန်လျင်မြို့နယ် စစ်ပင်ကွင်း ကျေးရွာအနီး အကွက်အမှတ် (၆၉၁) ဦးစိုးညွန့်၏ လယ်မြေ၌ ကျင်းပသည့် စပါးတစ်မိုးနှစ်သီး ရိတ်သိမ်းပွဲ အခမ်း အနားသို့ တက်ရောက်၍ စပါးတစ်မိုး နှစ်သီး တစ်နှစ် သုံးသီးစိုက်ခင်းအတွင်း ပထမစပါး ရိတ်သိမ်းနေမှုကို လည်း ကောင်း၊ ရိတ်သိမ်းပြီး ပထမစပါးခင်း နေရာများ၌ ပြန်လည်စိုက်ပျိုးမည့် ဒုတိယစပါးပျိုးခင်းကို လည်းကောင်း၊ စပါးခင်းများအတွင်း ဓာတ်မြေသြဇာ နှင့် သဘာဝမြေသြဇာ ရောနှောကြဲ ပက်နေမှုကိုလည်းကောင်း၊ ရိတ်သိမ်း ပြီး စပါးများအား ခြွေလှေ့စက်များဖြင့် ခြွေလှေ့နေမှုကိုလည်းကောင်း လိုက်လံ ကြည့်ရှုအားပေးကြပြီး ဒေသခံ တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက တစ်နှစ် သုံးသီး၊ အောင်မြင်အောင် စပါး၊ ပဲ၊ စပါး စိုက်ပျိုးကြရန် တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တောင်သူများအတွက် လိုအပ်သည့် ဓာတ်မြေသြဇာနှင့်မြေဆီများ ထောက်ပံ့ ပေးထားပြီးဖြစ်၍ တစ်မိုးနှစ်သီး စိုက် ခင်းများ လျာထားဧက ကျော်လွန် အောင် စိုက်ပျိုးကြရန် မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ကျောက်တန်းမြို့နယ်၌ တစ်မိုး နှစ်သီး စပါး ၉၄၃ ဧက စိုက်ပျိုးပြီးဖြစ် ကြောင်းနှင့် မိုးစပါး စိုက်ပျိုးရန် ၁၅၆၃၀၆ ဧက လျာထားသတ်မှတ်ထား ရာ ယနေ့အထိ ၁၅၆၄၇၃ ဧက စိုက် ပြီးဖြစ်၍ လျာထားချက်ထက် ပိုမိုကျော် လွန်အောင် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညှိနှိုင်းဆွေးနွေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ ရန်ကုန်တောင်ပိုင်း ခရိုင် သန်လျင်မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိသားစုစကားဝိုင်း အသွင်ဖြင့် အမျိုးသမီးရေးရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေး ကြစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူမိဘများနှင့် ခင်ပွန်းဦးအောင်သော်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်စိန်နှင့် သမီး နိုင်နိုင်အောင်၊ မစန္ဒာအောင်၊ မစုစုအောင်၊ မဥမ္မာအောင် မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်း ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်း စဉ်။ (ကြေးမုံ)

သတ်မှတ်အရွယ်မပြည့်မီသည့် ငါးရှဉ့်အကောင်ငယ်များ ပြန်လွှတ်ပေးသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင် သိမ်း၏ ဦးဆောင်မှုအရ ငါးလုပ်ငန်း ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးရှဉ့် လုပ်ငန်းရှင်များ အသင်းတို့၏ သဘာဝ သယံဇာတမျိုး ထိန်းသိမ်းရေးအတွက် သုံးစင်တီမီတာအောက်သတ်မှတ်အရွယ် မပြည့်မီသည့် ငါးရှဉ့် အကောင်ငယ် များကို သဘာဝရေပြင်သို့ ပြန်လွှတ် ပေးသည့် အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ ရေနက် ကွင်းအဝင် ချောင်းဝ၌ ကျင်းပရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ မြန်မာ နိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးဝင်း မြင့်မောင်နှင့် ဦးခင်မောင်ဝင်းတို့က သဘာဝသယံဇာတမျိုး ထိန်းသိမ်းရ မည့် အခြေခံအချက်များကို ရှင်းလင်း ပြောကြားပြီး မြန်မာနိုင်ငံ ငါးရှဉ့် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ထူးက သတ်မှတ် အရွယ်အစားမရှိသည့် ငါးရှဉ့်ငယ်များ စုဆောင်းရရှိထားသည့် အခြေအနေနှင့် သဘာဝသယံဇာတမျိုး ပြုန်းတီးမှုမှ ကာကွယ်သွားရမည့် အခြေအနေများ ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် မအူပင်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က မြန်မာ့ရေပြင် သယံဇာတပေါကြွယ်ဝ ရေးအတွက် ရေလုပ်သားများအနေဖြင့် ဌာနဆိုင်ရာ စည်းကမ်းချက်များ အတိုင်း တိကျစွာလိုက်နာဆောင်ရွက် ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ငါးရှဉ့် လုပ်ငန်းရှင်အသင်းက မဲဇလီအခြေခံ ပညာအလယ်တန်းကျောင်းနှင့် လူမှု ရေးအဖွဲ့အစည်းများသို့ ရန်ပုံငွေများ ပေးအပ်လှူဒါန်းပြီး သဘာဝအင်းချောင်း များ၊ အင်းမြောင်း လက်တက်များ နှင့် သဘာဝရေပြင်များသို့ သတ်မှတ် အရွယ်အစားမပြည့်မီသည့် ငါးရှဉ့်ငယ် ကောင်ရေ ၇၅၀၀၀ ကို ပြန်လည်လွှတ် ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့သည် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် နွားထိုးကြီးမြို့နယ် ပြင်စည် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဗဟိုအလုပ်အမှု ဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အမှာစကားပြော ပြီး ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်း သား၊ ကျောင်းသူ ရှစ်ဦးအားလည်း ကောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြား ပေးကြခဲ့သည့် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်း လိုက်ပထမ၊ ဒုတိယ၊ တတိယရရှိကြသူ များအားလည်းကောင်း ဂုဏ်ပြုလွှာ နှင့် ဂုဏ်ပြုဆုငွေများကို ဗဟိုအလုပ် အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့ က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆု

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည်နွားထိုးကြီးမြို့နယ်အခြေခံ ပညာ အထက်တန်းကျောင်းသို့ ရောက် ရှိကြပြီး ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ သော နွားထိုးကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၂ဦးအား လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းရီနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သည့် ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား လည်းကောင်း ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆု ငွေများကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၅–၂၀၀၆ခု ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော ထူးချွန်ဆုရ ကျောင်းသူ မသော်တာ ကြေးမုံဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၈–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း–၄၈)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရုပ်မြင်သံကြားဇာတ်လမ်း "ချစ်ရမှနေပျော်မှာ" (အပိုင်း–၂) (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်–ဒွေး၊ စုလှိုင်နှင်း၊ ဒါရိုက်တာ–စာရေးဆရာ တင်သန်းဦး**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

ကျောဖုံးမှ

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် ယခု ၂၀၀၆–၂၀၀၇ ခုနှစ်တွင် စီမံကိန်းလျာထားကေအားလုံး အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း စီစဉ်ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊လက်ရှိ မန္တလေးတိုင်းအတွင်း မိုးစပါး ၇၂၃၂၃၈ ကေ ခန့်အထိ စိုက်ပျိုးထားပြီဖြစ်ခြင်းကြောင့် ယခု ဖွင့်လှစ်သည့် ငါ့သရောက်တမံမှ အကျိုးပြုမည့် မြေဧရိယာများကိုပါ ထည့်သွင်းတွက်ချက်ပါက မိမိတို့တိုင်း၏ စီမံချက်မှာ မလွဲမသွေ အောင်မြင်မှု ရရှိမည်ဖြစ်သည့်အတွက် ယခု တက်ရောက်လာကြသော တောင်သူလယ်သမားကြီးများနှင့် ဒေသခံပြည်သူများသာမက မန္တလေးတိုင်း တစ်တိုင်းလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါကြောင်းကို ပြောကြားလိုကြောင်း။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ညောင်ဦးမြို့နယ် ငါ့သရောက် ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံးတွင် ဆည်ရေသောက်လယ်ယာမြေများနှင့် ရေဘေးကာကွယ်ရေး ဧရိယာများ တိုးတက်အကျိုးခံစားနေရ

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အပိုင်းက ဒေသ၏ ရေမြေသဘာဝနှင့်ကိုက်ညီသည့် ရေလှောင်တမံများ၊ ရေထိန်းတမံများ၊ ရေလွှဲဆည်များမှ ရေသွယ်/ရေပေးတူးမြောင်းများကို စဉ်ဆက်မပြတ် လမ်းညွှန်ဆောင်ရွက်ပေးမှုများကြောင့် ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူမှုရေးကဏ္ဍာကိုသာမက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်ကဏ္ဍာကိုပါ တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုပေးနေသည်ကို နားလည်သဘောပေါက်ပြီး စေတနာကို တုံ့ပြန်သောအနေဖြင့် စီမံကိန်းသီးနှံများအပြင် မိမိတို့ဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီသည့် သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးသွားကြပါ၊ တစ်ဖက်မှလည်း မိမိတို့ဒေသအတွင်း ပေါ်ပေါက်လာသည့် ငါ့သရောက်ရေလှောင်တမံ၏ ရေဝေရေလဲ ဧရိယာအတွင်းမှာရှိသည့် သစ်ပင်သစ်တောများ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါ၊နိုင်ငံတော်မှ အလေးအနက်စေတနာနှင့် အကောင်အထည်ဖော်ပေးထားသည့် ဆည်မြောင်းတာတမံများကို မိမိတို့၏ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမွေပေးနိုင်ရေးအတွက် တာတမံနှင့် တူးမြောင်းဥပဒေကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြပါဟု အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ငါ့သရောက်ရေလှောင်တမံကို ငါ့သရောက်မြစ်ရေတင်စီမံကိန်း၊ ကျောက်ကူးမြစ်ရေတင်စီမံကိန်း၊ လက်ပန်–ခြေပေါ်မြစ်ရေတင်စီမံကိန်း၊ လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၊ မြကန်ရေလှောင်တမံတို့နှင့် ဆက်စပ်ပြီး ညောင်ဦးခရိုင် ရေရရှိရေးစီမံကိန်းတစ်ခု အဖြစ် အကောင်အထည်ဖော် တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤရေလှောင်တမံတည်ရှိလာပြီဖြစ်သည့်အတွက် ပူပြင်းခြောက်သွေ့သော သဘာဝပတ်ဝန်းကျင်တို့ စိမ်းလန်းစိုပြည်လာမှာ ဖြစ်သည့်အတွက် ရေမြေအနေအထားကောင်းများအဖြစ် ပြောင်းလဲလာတော့မှာဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာမြေကေများကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်တော့မှာဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် သောက်သုံးရေရရှိရေးကိုလည်း အထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအဆင့်အတန်းကို တိုးမြှင့်လာစေမှာဖြစ်သည့်အတွက် ဒေသခံတောင်သူကြီးများအပါအဝင် နယ်မြေလူထု တစ်ရပ်လုံးနှင့်ထပ်တူ ဝမ်းသာပီတိဖြစ်ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ နိုင်ငံအနှံ့စိုက်ပျိုးရေရရှိရေး စီမံကိန်းအစီအမံများချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ပေးလျက်ရှိခြင်းကြောင့် တစ်နိုင်ငံလုံးတွင် ဆည်ရေသောက် လယ်ယာမြေများနှင့် ရေဘေးကာကွယ်ရေး ဧရိယာများ တိုးတက် အကျိုးခံစားနေရပြီဖြစ်ကြောင်း။

ယခုအချိန်တွင် ဆည်ရေလှောင်တမံနှင့် ရေထိန်းတံခါးစီမံကိန်းပေါင်း ၁၈၈ခုကြောင့် တိုးတက်အကျိုးခံစားရသည့် လယ်ယာမြေကေမှာ ၂သန်း ၆သိန်းကျော်ပြီဖြစ်ကြောင်း၊ ထို့ပြင် ယခင်ကမရှိခဲ့ဖူးသည့် မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၂၉၃ခု တိုးတက်ဖြစ်ထွန်းလာမှုကလည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုပေးနေသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အကျိုးဖြစ်ထွန်းစေကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် လယ်ယာမြေရေဘေးကာကွယ်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်လာပြီဖြစ်ကြောင်း၊ စုစုပေါင်း ရေသွင်းစိုက်ဧရိယာသည် ၁၉၈၈–၈၉ခုနှစ်ကေ ၂ ဒသမ ၈၉သန်းသာရှိခဲ့ရာက ယခုဆိုလျှင် ကေ ၇ ဒသမ ၃သန်းကျော် ရှိလာပြီဖြစ်ကြောင်း။

ကူညီအားပေးလျက်ရှိ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားရေး မြင့်မားလာရေးကို အစဉ်တစိုက် ရှေးရှုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေရရှိရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံအလိုက် တစ်ဧကေ အထွက်နှုန်းများကိုလည်း တိုးတက်လာအောင် ကူညီအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းများတိုးတက်လာသည်နှင့်အမျှ တောင်သူများ၏ သီးနှံထွက်ကုန်များမှ ဝင်ငွေမှာလည်း မြင့်မားလာမည်ဖြစ်သည့်အတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနကဖော်ထုတ်သည့် အထွက်ကောင်း စပါးမျိုးသစ်များ ပြည်နယ်/တိုင်းများက စပါးစိုက်ပျိုးရန် ရေမြေနှင့် ကိုက်ညီနှစ်သက်သော စပါးမျိုးသစ်များ ဖော်ထုတ်စိုက်ပျိုးနိုင်ရေးကို စီမံအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း တစ်ဧကေ တင်းတစ်ရာကျော်ထွက်သည့် ဆင်းသွယ်လတ်စပါးမျိုးအပါအဝင် အထွက်ကောင်းမျိုးပြောင်းလဲစိုက်ပျိုးလာနိုင်မှုမှာ စုစုပေါင်း မိုးစပါးစိုက်ကေ ၁၅သန်းတွင် ၆ရာခိုင်နှုန်းထိ မျိုးပြောင်းလဲစိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ တစ်ဖက်၌လည်း စိုက်ပျိုးရေးနည်းပညာများ ပြောင်းလဲစေပြီး တစ်ဧကေ အပင်ဦးရေပြည့်မီစိုက်ပျိုးနိုင်အောင် နည်းလမ်းများပြသဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် အထွက်နှုန်းတိုးတက်လာမှုများ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် တောင်သူလယ်သမားများ ပိုမိုအကျိုးခံစားရအောင် အဓိကကျသည့် သီးနှံများ အထွက်နှုန်းများတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စပါးသီးနှံအနေဖြင့်ယခင် ၁၉၈၈–၈၉ခုနှစ်က တစ်နိုင်ငံလုံး တစ်ဧကေ ပျမ်းမျှ ၅၆ဒသမ ၄တင်း ထွက်ရှိခဲ့ရာက ယခုဆိုလျှင် တစ်ဧကေ တင်း ၁၀၀ကျော် ထွက်ရှိနေသည့် စိုက်ခင်းများကြောင့် ပျမ်းမျှ ၇၂ ဒသမ ၅၇တင်းထိ တိုးတက်ထွက်ရှိနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ ၂၀၀၅–၂၀၀၆ခုနှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ တင်းသန်းပေါင်း ၁၃၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုး

ယခုအချိန်မှာ ဇီဝလောင်စာဆီ ထုတ်လုပ်သုံးစွဲနိုင်သည့် ခြံစည်းရိုးကြက်ဆူကို စိုက်ပျိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အားပေးကူညီ စိုက်ပျိုးလျက်ရှိကြောင်း၊ ခြံစည်းရိုးကြက်ဆူမှာ နေရာဒေသမရွေး၊ မြေအမျိုးအစားမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများတွင် စက်ကိရိယာသုံးစွဲမှုအတွက် လိုအပ်မည့် စက်သုံးဆီများကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ကိရိယာများတွင်လည်း စက်မောင်းဆီအဖြစ်ပါ အသုံးချနိုင်မှာဖြစ်ကြောင်း၊ တန်ဖိုးရှိသော သီးနှံဖြစ်သည့်အတွက် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြဖို့ကိုလည်း မှာကြားလိုကြောင်း။

ငါ့သရောက်ရေလှောင်တမံ တည်ရှိသည့်နယ်မြေ၏ ကျေးရွာအုပ်စုသုံးခုမှာ မူလက ပထမတစ်သီး မိုးမြေပဲကေ ၁၀၀၀၊ မိုးလယ်တွင်နှမ်းကို ကေ ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုဆိုလျှင် ရေလှောင်တမံက ရရှိလာမည့် ရေနှင့် ပထမတစ်သီး မိုးပဲတီစိမ်းကေ ၂၀၀၀၊ ဒုတိယတစ်သီး မိုးစပါးကေ ၅၀နှင့် မြေပဲကေ ၁၉၅၀ စုစုပေါင်းသီးနှံစိုက်ကေ ၄၀၀၀ အထိ စိုက်ပျိုးနိုင်တော့မှာဖြစ်ကြောင်း၊ မူလကေ ၂၀၀၀တွင် စုစုပေါင်းသီးနှံစိုက်ကေကို နှစ်ဆတိုးပြီး စိုက်ပျိုးလာနိုင်တော့မှာ ဖြစ်သည့်အတွက် သီးနှံစိုက်စွမ်းအားမှာလည်း ၂၀၀ရာခိုင်နှုန်းထိ တိုးတက်လာတော့မှာဖြစ်ကြောင်း၊ ရေလှောင်တမံ တည်ဆောက်ပေးမှုကြောင့် သီးနှံစိုက်စွမ်းအား တိုးတက်လာပြီး တောင်သူလယ်သမားကြီးများ၏ ဝင်ငွေများလည်း တိုးတက်လာတော့မှာ ဖြစ်ကြောင်း။

လက်တွေ့ခံစားနေကြရ

ဆန်စပါး ထုတ်လုပ်မှု တစ်ခုတည်းကိုကြည့်မည်ဆိုလျှင် ၁၉၇၂–၇၃ ခုနှစ်တွင် ခရိုင်တစ်ခုလုံး ၅၄ကေသာ စတင်စိုက်ပျိုးနိုင်ခဲ့ရာက ၂၀၀၅–၂၀၀၆ ခုနှစ်တွင် စပါးစိုက်ကေပေါင်း ၇၅၀၃ကေ အထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ယခင်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန် လက်လှမ်းမမီသည့်ဒေသသည် ယခုဆိုလျှင် တစ်ကေကို တင်း၁၀၀ကျော်ထွက်ရှိသည့် စပါးခင်းများနှင့် စိမ်းလန်းစိုပြည်နေပြီဖြစ်ကြောင်း၊ ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ ယခုဖွင့်လှစ်ပေးလိုက်သည့် ရေလှောင်တမံသည် ဒေသခံနယ်မြေလူထုအတွက် နိုင်ငံတော်က စစ်မှန်သည့်စေတနာဖြင့် လက်တွေ့အကောင်အထည်ဖော် ပေးလိုက်သည့် အကျိုးရှိသော စီမံကိန်းတစ်ခု ဖြစ်ကြောင်း၊ ဤရေလှောင်တမံက ဖြန့်ဖြူးပေးမည့်ရေကိုလည်း လေလွင့်မှုမရှိအောင် စနစ်တကျ ခွဲဝေအသုံးပြုနိုင်ရေးအတွက်လည်း ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနှင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် ပံ့ပိုးကူညီမှုနှင့်အတူ အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် ငါ့သရောက်ရေလှောင်တမံ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးကကျေးဇူးတင်စကား ပြောကြားသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❋

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ငါ့သရောက် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပထမအကြိမ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်း အဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပို့ကုန်၊ သွင်းကုန်တင်ပို့ရောင်းချမှုအခြေအနေ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ရောင်းချမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်သန်းက ကမ္ဘာ့သစ်သီးဝလံ ဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့မှု အခြေအနေနှင့် မြန်မာနိုင်ငံ၏ ဈေးကွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှု ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်း ချသူများ အသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မန္တလေး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ငါ့သရောက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

❊ စာမျက်နှာ ၁၁ မှ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါ့သရောက် ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ငါ့သရောက် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါ့သရောက် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲတို့ကို လည်းကောင်း၊ ရေလှောင်တမံအတွင်း ရေဝင်မှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညောင်ဦးခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံများ၊ ဆည်များ၊ မြစ်ရေတင် စီမံကိန်းများကို အစုအဖွဲ့ဖြင့် တည်ဆောက် အကျိုးပြုနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း မှာကြားကြသည်။

ရေကူပေးရန်

ငါ့သရောက် ရေလှောင်တမံသည် ရေဆင်းဧရိယာ ၅၄ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၁၁၈၈၀ ရှိသည့် ချောင်းမကြီး ချောင်းပေါ်၌ မြေသားတမံ တည်ဆောက်၍ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူပေးသွားရန် ဖြစ်သည်။ ငါ့သရောက် ရေလှောင်တမံမှာ မြေသားတမံသည် အလျားပေ ၇၅၅၀၊ တမံအမြင့် ၆၄ ပေရှိပြီး ကန်ရေပြည့်ရေလှောင် ပမာဏဧက ပေ ၇၀၀၀ ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အကျိုးပြု ဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ ဧက ၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြံခင်း ရေဝန်းဆရာတော် တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၁

ဧရာဝတီတိုင်း ကြံခင်းမြို့ စံရာတိုက်ရေဝန်းကျောင်းအတွင်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၈၀) ဓမ္မာရုံကြီးတွင် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ရေဝန်းကျောင်းတိုက် ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တစိန္တိတက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ယနေ့ မိုးလေဝသ ၂၂–၈–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာန စားပွဲတင်တင်းနစ်အသင်းများသည် ဩဂုတ် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) (ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ရုံးခန်းမ) ထံသို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စစ်တောင်းမြစ်ရေ တောင်ငူနှင့် မဒေါက်တွင် စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၁

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၁–၈–၂၀၀၆

ခန္တီး	၇ ဒသမ ၅၂	လက်မ
တောင်ကုတ်	၄ ဒသမ ၄၁	လက်မ
သံတွဲ	၃ ဒသမ ၃၉	လက်မ
ကျောက်တော်	၃ ဒသမ ၂၇	လက်မ
မော်လမြိုင်	၂ ဒသမ ၇၅	လက်မ
မချမ်းဘော	၂ ဒသမ ၅၆	လက်မ
ဝ	၂ ဒသမ ၂၈	လက်မ
နမ့်စန်	၁ ဒသမ ၉၇	လက်မ
တောင်ကြီး	၁ ဒသမ ၅၃	လက်မ
ပင်လောင်း	၁ ဒသမ ၅၀	လက်မ
ပခုက္ကူ	၁ ဒသမ ၅၀	လက်မ
ချောက်	၁ ဒသမ ၁၈	လက်မ
နေပြည်တော်	၀ ဒသမ ၇၁	လက်မ
မန္တလေး	၀ ဒသမ ၅၉	လက်မ

အခြေခံဂေါက်သီးရိုက် သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၁

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက် လေ့ကျင့်ရေး သင်တန်းကျောင်းတွင် ဂေါက်သီးရိုက်သင်တန်းများကို ဩဂုတ် ၂၆ ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ အခြေခံဂေါက်သီးရိုက် သင်တန်းနှင့် အခြေခံမွမ်းမံ ဂေါက်သီးရိုက်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းများအနက် သင်တန်းတစ်ခုလျှင် သင်တန်းသား အများဆုံး ၁၂ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးမရွေး တက်ရောက်နိုင်ကြပြီး ဦးရာလူစနစ်ဖြင့် လက်ခံမည်ဖြစ်သည်။

သင်တန်းတွင် ဘောလုံး၊ ဂေါက်တုတ်နှင့် ဂေါက်သီးရိုက်ကိရိယာပစ္စည်းများလည်း စီစဉ်ပေးမည်ဖြစ်ရာ တက်ရောက်လိုပါက လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်သည့်အပြင် ဖုန်း–၀၁–၇၀၆၇၈၈ သို့လည်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောက်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝိဇ္ဇာညီနောင်လမ်းနေ ဒေါ်တင်တင်ဌေးမိသားစုက ကွယ်လွန်သူ ခင်ပွန်းဦးသာထွန်းအားရည်စူး၍ အလှူငွေ အမေရိကန်ဒေါ်လာ တစ်ရာလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ **နှစ်ဧက ဝယ်ယူရန်အတွက် ဗုဒ္ဓဂယာ ဆရာတော်များဖြစ်ကြသော ဦးဥတ္တမနှင့် ဦးတိလောတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း ငါးမိုင်ခွဲနေ ပေါင်းတည် ဦးကိုကိုကြီးနှင့် ဒေါ်အေးကြည်မိသားစုက အလှူတော်ငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် ဦးဝိနယဝံသ မေဒိနီစာသင်တိုက်ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်ညို (မြရိပ်မွန်)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး ၁၀မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲကို နောက်ဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၂ ရက်မှ ၁၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။

မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ် တရားများကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ် ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ စက်တင်ဘာ ၂ရက် ညနေအရောက် ကြွရောက်ပါရန်နှင့် တရားစခန်း ဖုန်း–၂၄၇၅၇၆၊ ၅၂၆၄၁၈ နှင့် ၅၄၀၈၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ပုဇွန်တောင် ရွှေကျင်ကျောင်း ဆရာတော် ဝိဇာတမင်္ဂလာပွဲ

ရန်ကုန် ဩဂုတ် ၂၁

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ (၆၁)နှစ်ပြည့် ဝိဇာတမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၂၆ ရက် (တော်သလင်းလဆန်း ၄ ရက်) စနေနေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရောင်တော်ပွင့် စေတီတော်နှစ်ဆူအား ဆီမီးတစ်ထောင်ပူဇော်ခြင်း၊ ၂၄ နာရီ အသံမစဲပဋ္ဌာန်းပူဇော်ခြင်း၊ ဆရာတော်က ကျောင်းတိုက် သံဃာနှင့် အာဂန္တုသံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာ သဒ္ဓမ္မဇောတိကာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ စာရေးကိရိယာများ လှူဒါန်းခြင်း စသည့် ကုသိုလ်တော်များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့်စံပြရဲရေးဖြေနှင့် ရဲကျင့်ဝတ်စာမေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်အဆင့်အတန်းများအားလုံး ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ရဲလုပ်ငန်းများတွင် နှံ့စပ်ကျွမ်းကျင်ရေး၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိရေးနှင့် တပ်ဖွဲ့စိတ်၊ ရဲဘော်စိတ်မြင့်မားရေးတို့အတွက် စံပြရဲနှင့် ရဲကျင့်ဝတ်စာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့သည့် အစဉ်အလာအတိုင်း ၂၀၀၆ ခုနှစ်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုအဆင့် စံပြရဲရေးဖြေစာမေးပွဲကို ဩဂုတ် ၁၉ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်နယ်၊ တိုင်း တပ်ရင်း၊ တပ်ဖွဲ့နှင့် လေ့ကျင့်ရေးကျောင်းများမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၂ ဦးတို့ကလည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် အဆိုပါခန်းမ၌ပင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုအဆင့် ရဲကျင့်ဝတ်စာမေးပွဲကို တပ်ဖွဲ့ဝင် ၁၆၄ ဦးတို့ကလည်းကောင်း ဝင်ရောက်ဖြေဆိုကြသည်။

စံပြရဲနှင့် ရဲကျင့်ဝတ်စာမေးပွဲများ ကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ချယ်လ်ဆီးအသင်း မန်စီးတီးကိုအနိုင်ရ

လန်ဒန် ဩဂုတ် ၂၁

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁)ကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာတွင် ချယ်လ်ဆီးအသင်းက မန်ချက်စတာစီးတီးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်ဂိုးသွင်း

ပွဲချိန် ၁၁ မိနစ်တွင် အာဂျင်ရော်ဘင်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂျွန်တယ်ရီက ဂိုးသွင်းနိုင်ခဲ့ပြီး ပွဲချိန် ၂၆မိနစ်တွင် ဖရန့်ခ်လမ်းပတ်က ဆက်လက် ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲချိန် ၆၃ မိနစ်တွင် ဘာနာဒိုကော်ရာဒီ ထုတ်ပယ်ခံခဲ့ရသဖြင့် မန်စီးတီးအသင်းမှာ ၁၀ ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။ ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကို ဒစ်ဒါဒရော့ဘာက ခေါင်းတိုက်ကာ ဂိုးသွင်းယူခဲ့သည်။ ***အင်တာနက်။***

ယှဉ်ပြိုင်

ဩဂုတ် ၂၀ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ဂျ် ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ အင်ဒရေရှက်ဗ်ချင်ကို (ယာ) **နှင့် မန်စီးတီးအသင်းမှ ကလော်ဒီယိုရေးနားတို့ ယှဉ်ပြိုင်ကစားကြစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

နယူးကာဆယ်ယူနိုက်တက်သို့ အင်တာမီလန် တိုက်စစ်မှူး ရောက်ရှိမည်

လန်ဒန် ဩဂုတ် ၂၁

အင်တာမီလန်တိုက်စစ်မှူး အိုဘာဖီမီမာတင်သည် ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲတွင် အသင်းတစ်သင်းဖြစ်သော နယူးကာဆယ် ယူနိုက်တက်အသင်းသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ဩဂုတ် ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နယူးကာဆယ် ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ရေးတွင် ကနဦးအားဖြင့် အတားအဆီးများ တွေ့ကြုံရလင့်ကစား ယခုအခါ ယင်းအသင်းသို့ ပြောင်းရွှေ့ရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း အသက် (၂၁)နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားလူမျိုး နိုင်ငံတကာဘောလုံးသမား မာတင်က ပြောကြားသည်။

အင်တာမီလန်အသင်းသည် ဆွီဒင်လူမျိုး ဇလာတန် အီဘရာဟင်မိုဗစ်နှင့် အာဂျင်တီးနားလူမျိုး ဟာနန်ခရက်စပိုတို့အား ရေ့တန်း တိုက်စစ်အခန်းကဏ္ဍအတွက် ခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် နယူးကာဆယ်ယူနိုက်တက်အသင်းသည် မာတင်အား ခေါ်ယူရေးတွင် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

မာတင်၏ ကိုယ်စားလှယ် ဘက်တိယန်နယ်လီသည် မာတင်အသင်းပြောင်းရွှေ့ရေး ကိစ္စနှင့်ပတ်သက်၍ နယူးကာဆယ်အသင်း တာဝန်ရှိသူများနှင့် အပြီးသတ် ဆွေးနွေးခဲ့သည်။ ***အင်တာနက်။***

ဩဂုတ် ၁၁ ရက်က အီတလီနိုင်ငံ နေပယ်လ်မြို့တွင် ကျင်းပသည့် မော်ရက်တီဒိုင်း ဘောလုံးပြိုင်ပွဲတွင် အင်တာမီလန်တိုက်စစ်မှူး မာတင် (ဝဲ)**နှင့် ဂျူဗင်းတပ်စ် နောက်တန်းလူ ရောဘတ်ကိုဗက်တို့ ဘောလုံးယှဉ်ပြိုင်ကြစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

မစ်ဒယ်ဘရော့ အသင်းသားသစ် ဂျူလီယိုအာကာ ခြေထောက်ကျိုး

လန်ဒန် ဩဂုတ် ၂၁

မစ်ဒယ်ဘရော့အသင်းမှ အသင်းသားသစ် ဘောလုံးသမား ဂျူလီယိုအာကာသည် ခြေထောက်ကျိုးသဖြင့် သီတင်းပတ် သုံးပတ်ကြာမျှ အနားယူရမည်ဖြစ်ရာ ယင်းအသင်းအနေဖြင့် ဘောလုံးရာသီ အစပိုင်းတွင် ဆုတ်ယုတ်မှုအခြေအနေနှင့် တွေ့ကြုံရကြောင်း ဩဂုတ် ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အသက် (၂၅)နှစ်အရွယ်ရှိ အာဂျင်တီးနားလူမျိုး ဂျူလီယိုအာကာသည် ရီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်နွေရာသီအတွင်း မစ်ဒယ်ဘရော့အသင်းသို့ ခေါ်ယူသည့် တစ်ဦးတည်းသော ဘောလုံးသမားမှာ အာကာဖြစ်ပြီး ၎င်းကို ဆန်းဒါးလန်းအသင်းထံမှ အသင်း ပြောင်းရွှေ့ကြေး ပေါင်ငွေ ၁ ဒသမ၇၅ သန်းဖြင့် ခေါ်ယူခဲ့သည်။ ***အင်တာနက်။***

မစ်ဒယ်ဘရော့ အသင်း၏ နောက်တန်း ဘောလုံးသမား ဂျူလီယိုအာကာ၏ ယှဉ်ပြိုင်ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

မန္တလေးတိုင်းတွင် ၂၀၀၄-၂၀၀၅ မှစပြီး သုံးနှစ်အတွင်း မိုးစပါးဧက ၁၀ သိန်းအထိ တိုးချဲ့စိုက်ရန်ဆောင်ရွက်နေ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇တွင် လျာထားဧကအပြည့်အဝစိုက်ပျိုးနိုင်ရေး စီစဉ်ထား ငါ့သရောက်တမံမှ အကျိုးပြုမည့်မြေဧရိယာများကို ထည့်သွင်းတွက်ချက်ပါက စီမံချက်မလွဲမသွေအောင်မြင်မည်

နေပြည်တော် ဩဂုတ် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့သော မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ငါ့သရောက်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ညောင်ဦးခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံ ကျေးရွာများမှ တောင်သူလယ်သမားများ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်မည့် ငါ့သရောက်တမံ တည်ဆောက်ထားသည့် ပုဂံ-ညောင်ဦးမြို့နယ်မှာ ဧရာဝတီမြစ်ကမ်းနှင့် တစ်ဆက်တစ်စပ်တည်းရှိသော်လည်း ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေတို့အရ စိုက်ပျိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု မရှိသည့်အပြင် ပူပြင်းသည့်နွေရာသီများတွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေ အခက်အခဲနှစ်စဉ်ကြုံတွေ့နေရသည်ကို နိုင်ငံတော်က ဖြေရှင်းပေးနိုင်ရေး အတွက် သက်ဆိုင်ရာပညာရှင်များကို နည်းလမ်းများ ရှာကြံဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပထမဦးစွာ ငါ့သရောက်မြစ်ရေတင်စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ပေးထားသည့် ငါ့သရောက်မြစ်ရေတင်လုပ်ငန်းကို ရေကူဖြည့်တင်းပေးနိုင်ရေးနှင့် စိုက်ပျိုးမြေဧရိယာများ ထပ်မံပေါ်ပေါက်လာစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးခဲ့သည့် ဤငါ့သရောက်ရေလှောင်တမံမှာ နိုင်ငံတော်၏ ၁၈၈ခုမြောက် တမံတစ်ခုဖြစ်သကဲ့သို့ မန္တလေးတိုင်း အနေဖြင့်လည်း ၄၈ခုမြောက် ပေါ်ပေါက်သည့် တမံတစ်ခုဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့်ဆိုလျှင်လည်း ယခုဖွင့်လှစ်သည့်ငါ့သရောက်ရေလှောင်တမံအပါအဝင် မြေဧရိယာ စုစုပေါင်း ၇၂၃၈၈ ဧကခန့်ကို ဆည်ရေဖြင့် ရာသီမရွေး စိုက်ပျိုးသွားနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်က ဦးတည်ချက်ချမှတ်ထားသည့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဦးတည်ချက်ကို အောင်မြင်စေရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေတိုးပွားမှုကို အဓိကအထောက်အကူပြုမည့် စပါးပိုမိုထွက်ရှိရေးအတွက် မန္တလေးတိုင်းအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်ကစပြီး သုံးနှစ်တာနှစ်တိုကာလအတွင်း မိုးစပါးကို ဧက ၁၀သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဒုတိယနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၈၄၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

စက်ခလုတ်နှိပ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ငါ့သရောက် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်ခဲ့သော ညောင်ဦးမြို့နယ် ငါ့သရောက်ရေလှောင် တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်းပါး အညွှန်း

မျက်မှောက် နိုင်ငံတကာသတင်းများကိုကြည့်လျှင် နိုင်ငံတစ်ခုကို အသားလွတ် ကျူးကျော်တိုက်ခိုက်ပြီး **ကျူးကျော်ခံရသော နိုင်ငံမှ ၎င်းတို့မကြိုက်သော အစိုးရကိုဖယ်ရှားကာ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတင်လျက် နောက်ကွယ်မှ ခြယ်လှယ် ကြိုးကိုင် သွေးစုပ်သည့် ကိုလိုနီပုံစံသစ်ကို တွေ့နေကြရသည်။ ယင်းရုပ်သေးအစိုးရများကို ၎င်းတို့ ကျွေးမွေး ပုံသွင်းထားသည့် ပြည်ပြေးများဖြင့် ဦးဆောင်ချုပ်ကိုင်ရန် အားထုတ်မှုမှန်သမျှ မအောင်မြင်ကြောင်း တွေ့နေရသည်။**

ဦးမျိုးမြင့်(ဥပဒေ) ၏ **"အမျိုးသားသစ္စာဖောက် ပြည်ပြေးများအကြောင်း"**

(ဆောင်းပါး) စာမျက်နှာ-၈/၉